# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၁၈၄)၊ ၁၃၈၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၅ ရက်၊ ၆-၆-၂၀၂၄၊ ကြာသပတေးနေ့ ။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# စိမ်းလန်းစိုပြည်သည့်၊ ရာသီဥတုကောင်းမွန်မျှတသည့်၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်လာစေရန် သဲကန္တာရဖြစ်လာနိုင်ခြင်းမှ ကာကွယ်ရေးနှင့် မိုးခေါင်ရေရှားဒဏ် လျော့နည်းရေးတို့အတွက် စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်

နေပြည်တော် ဇွန် ၅

၂၀၂၄ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန-၂ ၌ ကျင်းပရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး တက်ရောက် အမှာစကားပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ ပြည်ထောင်စု ဝန်ကြီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ အသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ဆုရရှိကြသူများ၊ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်နှင့် အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးက အမှာစကား ပြောကြားရာတွင် ကမ္ဘာတစ်ဝန်း ကြုံတွေ့နေရသည့် ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများကို တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ဝိုင်းဝန်းပူးပေါင်း ဖြေရှင်းဆောင်ရွက်ကြရန် ၁၉၇၂ ခုနှစ်တွင် ကုလသမဂ္ဂလူသားနှင့် ပတ်ဝန်းကျင် ညီလာခံကို ကျင်းပခဲ့သည့် ဇွန် ၅ ရက်ကို ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့အဖြစ် သတ်မှတ်ခဲ့ကြောင်း။

ယခုနှစ်ဆောင်ပုဒ်ကို **"သဲကန္တာရတိုက်ဖျက်ရေးနှင့် မိုးခေါင်ရေရှားဒဏ်ခံနိုင်ရေး မြေယာပြန်လည်ပြုပြင်ပေး"** ဟု သတ်မှတ်ထားပါကြောင်း၊ သဲကန္တာရဖြစ်ထွန်းလာနိုင်ခြင်း၏ ရှေ့ပြေးလက္ခဏာများအနေဖြင့်အလွန်အမင်းခြောက်သွေ့ခြင်း၊ အပူချိန်မြင့်မားခြင်း၊ မိုးခေါင်ခြင်းနှင့် ဆူးပင်များ ပေါက်လာခြင်းတို့ ဖြစ်ကြောင်း၊ ထို့ကြောင့် လူဦးရေသန်းပေါင်းများစွာ၏ အသက်မွေးဝမ်းကျောင်းနှင့် စားရေရိက္ခာများ ပြည့်ဝဖူလုံစေရန်နှင့် သဲကန္တာရဖြစ်ထွန်းမှု တိုက်ဖျက်ရေးတို့အတွက် မြေယာပြန်လည် ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ရန် ယခုနှစ် အထိမ်းအမှတ် ဆောင်ပုဒ်ဖြင့် သတိပေးတိုက်တွန်းနှိုးဆော်ထားခြင်းဖြစ်ကြောင်း။

မိမိတို့နိုင်ငံ အနေဖြင့်လည်း ကမ္ဘာနှင့်တစ်ဝန်း ရာသီဥတုပြောင်းလဲမှုနှင့်အတူ အပူချိန်မြင့်မားလွန်းခြင်း၊ ပူပြင်းခြောက်သွေ့ခြင်း၊ မိုးများခြင်းနှင့် မိုးခေါင်ခြင်း စသည့် အစွန်းရောက် မိုးလေဝသဖြစ်စဉ် ဆိုးကျိုးများကို ရင်ဆိုင် တွေ့ကြုံနေရကြောင်း၊ ယခုနှစ် ဧပြီ ၂၈ ရက်က မကွေးတိုင်းဒေသကြီး ချောက်မြို့တွင် ဖြစ်ပေါ်ခဲ့သည့် အမြင့်ဆုံးအပူချိန် ၄၈ ဒသမ ၂ ဒီဂရီဆဲလ်စီးယပ်စ်သည် လွန်ခဲ့သည့် ၅၆ နှစ်က ဖြစ်ပေါ်ခဲ့သည့် အမြင့်ဆုံးအပူချိန် စံချိန်ဟောင်း ၄၇ ဒသမ ၄ ဒီဂရီ ဆဲလ်စီးယပ်စ်ထက် ကျော်လွန်ပြီး စံချိန်သစ်တင်ခဲ့ကြောင်း၊ အပူချိန် မြင့်တက်လာခြင်းနှင့်အတူ မြစ်၊ ချောင်း၊ အင်း၊ အိုင်များနှင့် ရေတွင်း ရေကန်များတွင် ရေများလျော့နည်းလာခြင်း၊ ခန်းခြောက်သွားခြင်း၊ သောက်ရေသုံးရေ ရှားပါးခြင်း၊ ပူပြင်းခြောက်သွေ့မှုကြောင့် မီးလောင်ကျွမ်းမှုများ ဖြစ်ပွားခြင်း၊ စိုက်ပျိုးသီးနှံများ ပျက်စီးခြင်းနှင့် သက်ကြီးရွယ်အိုများ၊ ရောဂါအခံရှိသူများ၊ ကိုယ်ခံအားနည်းသူများတွင် အသက်အန္တရာယ် ထိခိုက်သည်အထိ ကျန်းမာရေးဆိုင်ရာ ပြဿနာများ ဖြစ်ပေါ်စေခြင်း စသည့် အကျိုးဆက်များကို ခံစားနေကြရပါကြောင်း။

ရာသီဥတု ပြောင်းလဲမှုကြောင့် သစ်ပင်သစ်တောများ နည်းပါးလာခြင်း၊ အပူချိန်လွန်ကဲခြင်း၊ မိုးခေါင်ခြင်း၊ မြေဆီလွှာပျက်စီးပြီး သဲကန္တာရဖြစ်ထွန်းနိုင်မည့် အခြေအနေများကို တွေ့မြင်လာရကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂ သဲကန္တာရဖြစ်ထွန်းမှု တိုက်ဖျက်ရေး ကွန်ဗင်းရှင်းကို ၁၉၉၇ ခုနှစ်တွင် အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခဲ့ပြီး ကွန်ဗင်းရှင်း၏ သဲကန္တာရဖြစ်ထွန်းမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်ပါ ကတိကဝတ်များကို စီမံချက်များ ရေးဆွဲအကောင်အထည်ဖော်လျက်ရှိကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး အတွက်

စာမျက်နှာ ၃ သို့ ○



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး ၂၀၂၄ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး ၂၀၂၄ ခုနှစ်အတွက် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုကောင်းမွန်သောမြို့ဆုရရှိသည့် ရှမ်းပြည်နယ် ကလောမြို့မှ တာဝန်ရှိသူတစ်ဦးအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။

၂၀၂၄ ခုနှစ်၊ ဇွန် ၆ ရက်၊ ကြာသပတေးနေ့။

မန္တလေး

# အမြင့်သို့ရောက်ရန် ထိုက်တန်သော ကြိုးစားအားထုတ်မှုကို ပေးရမည်

လူသားတိုင်းတွင် မိမိတို့သိရှိထားသည့် လူ့ဘဝ တစ်ခဏတာတွင် မိမိဘဝကို အမြင့်တွင်သာရှိနေချင်ကြသည်။ စိတ်ချမ်း သာမှုရရှိစေရန်အတွက် ဆောင်ရွက်လိုကြသည်။ သူတစ်ပါး ထက်သာလွန်သော ချမ်းသာသုခကို လိုချင်ကြသည်။ ထိုသို့ ချမ်းသာသုခကို ခံစားနိုင်ရန် အနစ်နာခံပြီး ကြိုးစားအားထုတ်ရမည်ဖြစ်သည်။ လောကတွင် ကောင်းကျိုးချမ်းသာဟူသမျှ သည် တစ်စုံတစ်ရာ ရင်းနှီးမှုမပါရှိဘဲ မရနိုင်ပေ။ ပစ္စည်းတစ်ခု ဝယ်မည်ဆိုပါက ထိုက်တန်သည့် တန်ဖိုးအတိုင်း ပေးကာဝယ်ယူရမည်ဖြစ်သည်။ ငွေနှင့် ဝယ်ယူ၍မရသော ပညာ၊ ဂုဏ်အဆင့်အတန်းတို့သည် ထိုက်တန်သော ကြိုးစားအားထုတ်မှုပေးရမြဲဖြစ်သည်။ အလကားရရှိထားသောပစ္စည်း၊ လွယ်လွယ်နှင့်ရရှိထားသည့် အရာကို လူတိုင်းလူတိုင်း တန်ဖိုး မထားချင်ပေ။ လူတိုင်းအတွက် ငယ်ရွယ်စဉ်ကလေးဘဝမှ အစထားပြီး ကြိုးစားအားထုတ်မှုကြောင့် ရရှိခဲ့သည့် ဆုများကို တန်ဖိုးထားမြတ်နိုးကြသည်။ နေရိပ်ကဲ့သို့ အေးမြသာယာလှသော ဘဝကို လိုချင်ပါက နေပူကစောင့်ရသကဲ့သို့ ထိုက်တန်သော ကြိုးစားအားထုတ်မှုကို ရှာဖွေလုပ်ဆောင်ရမည် ဖြစ်သည်။ နေရိပ်တွင် အနေများသူများသည် အရိပ်၏ အေးမြမှုကို သတိမထားမိပေ။ သို့သော် နေပူမှလာသော ချွေးသံတရွှဲရွှဲနှင့် မောပန်းလာသူတစ်ယောက်အတွက်မူ နေရိပ်သည် မည်သည့်အရာနှင့်မျှ မလဲနိုင်ပါ။ နေရိပ်သည် ထိုသူအတွက် အလွန်ပင်အေးမြစေသည်။ အမောကိုလည်း ပြေစေသည်။ ထို့ပြင် မစားဘဲ စားလိုက်သည့်ထမင်းသည် အရသာမရှိလှပါ။ ဟင်း ဘယ်လောက်ကောင်းကောင်း စားရတာမမြိန်ပါ။ ဆာလောင်နေသူများအတွက် ဟင်းမပါဘဲ ဆီနှင့် ဆားတို့ဖြင့် နယ်စားရသည့် ထမင်းသည် အလွန်မြိန်လှသည်။

ကျေးလက်နေတောင်သူလယ်သမားတို့၏ ဘဝသည် ကျောပူမှ ဝမ်းအေးမည့် ဘဝဖြစ်သည်။ တစ်နေကုန် တကုန်းကုန်းနှင့် လယ်ယာလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နိုင်မှသာ ဝမ်းစာဖူလုံမည်လည်းဖြစ်သည်။ အသီးကို စားလိုပါက အပင်ကို တက်ရမည်ဖြစ်သည်။ ထို့ပြင် လူတိုင်းလူတိုင်းအတွက် အကျိုးလည်းမဖြစ်နိုင်၊ အရာလည်းမရောက်နိုင်သော ကိစ္စအဝဝကို အားကုန်ကြိုးပမ်းနေပါက အချည်းအနှီးပင်ဖြစ်သည်။ ထို့အတွက် လူတိုင်းသည် ထိုက်တန်သည့် ရည်မှန်းချက်ပန်းတိုင်တစ်ခုကိုထားပြီး အချိန်တိုင်း နေရာတိုင်း ကြိုးစားအားထုတ်ရမည်ဖြစ်သည်။

လူတိုင်းအတွက် ကြိုးစားအားထုတ်မှုပြုရာတွင် အရေးကြီးဆုံးမှာ ကျန်းမာရေးကောင်းဖို့လည်း လိုမည်ဖြစ်သည်။ ကျန်းမာမှ စိတ်ရွှင်လန်းမည်၊ စိတ်ရွှင်လန်းမှ မိမိတို့လိုအပ်သမျှ ကြံစည်ထားသမျှ ထမြောက်အောင်မြင်အကောင်အထည်ဖော်နိုင်မည်ဖြစ်သည်။ မိမိတို့အား ပေးအပ်ထားသည့် တာဝန်များကို ကျေပွန်အောင် ထမ်းဆောင်နိုင်မည်ဖြစ်သည်။ ထို့အတွက် အရေးကြီးဆုံးအရာမှာ ကျန်းမာရေးကောင်းဖို့ဖြစ်သည်။

သို့ဖြစ်ရာ လူတိုင်းအတွက် အမြင့်သို့ ရောက်ရန် မည်သည့်အရာမဆို ထိုက်တန်သော ကြိုးစားအားထုတ်မှုကို ပေးရမည်ဖြစ်ပြီး အောင်မြင်ခြင်းအသီးအပွင့်များ ဝေဆာလာစေရန် ဝွ၊ လုံ့လ၊ ဝီရိယထား ကျန်းမာရေးကောင်းမွန်အောင် ပြုမူနေထိုင်ရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းများအား (ပဥ္စမ)အကြိမ် ဟင်းသီးဟင်းရွက်များ ထောက်ပံ့



**မန္တလေး ဇွန် ၅**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းများအား ယခုဘဏ္ဍာရေးနှစ်အတွင်း (ပဥ္စမ)အကြိမ် ဟင်းသီးဟင်းရွက်များ ထောက်ပံ့ခြင်းကို ယနေ့နံနက်ပိုင်းက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး (၆)ထပ်ဆောင်မြေညီထပ်တွင် ပြုလုပ်ခဲ့သည်။

**(ယာပုံ)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန ဘက်စုံခြံမှ ထုတ်ကုန်များဖြစ်သော ဟင်းသီးဟင်းရွက်များကို ကော်မတီ၏ လမ်းညွှန်မှုများအတိုင်း ဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် အပတ်စဉ် ထောက်ပံ့နေခြင်းဖြစ်သည်။

(ပဥ္စမ)အကြိမ် ဟင်းသီးဟင်းရွက်များ ထောက်ပံ့ခြင်းအစီအစဉ်တွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်း၊ အတွင်းရေးမှူး ဦးဝင်းမောင်၊ ကော်မတီဝင်(၁)ဦးမြင့်ဦးနှင့် ဌာနမှူးများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန ဌာနမှူး ဦးတင်စိုးနှင့် တာဝန်ရှိသူများက ကော်မတီရုံး၊ အဆောက်အအုံနှင့် ကုန်ရုံဌာန၊ လမ်းတံတားဌာန၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာနတို့မှ ဝန်ထမ်း ၇၄၁ ဦးတို့ကို ကန်စွန်းရွက်(၄၂၀)စည်း၊ ချဉ်ပေါင်ရွက်(၄၀၀)စည်း၊ ပဲတောင့်ရှည်သီး(၆၅)စည်း၊ ဘူးညွှန့်(၂၀)စည်း၊ ကြက်ဟင်းခါးသီး(၁၀)စည်း၊ ဖရုံညွှန့် (၁၅၀)စည်း၊ ခရမ်းသီး(၂၇၀)ထုပ်၊ ဘူးသီး(၁၀)လုံးတို့အား အချိုးကျ ခွဲဝေထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၃)**

၀-၀-၀-၀-၀

## ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေး အမှိုက်နှင့် မြောင်းစာများ ဆယ်ယူရှင်းလင်း

**မန္တလေး ဇွန် ၅**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ နယ်နိမိတ်အတွင်းရှိ ချောင်းကြီး၊ မြောင်းကြီးများ ရေအရှည်အသွေးကောင်းမွန်ရေး၊ ရေစီးရေလာကောင်းမွန်ရေးနှင့် သန့်ရှင်းသာယာလှပရေးအတွက် လုပ်ငန်းကော်မတီဖွဲ့စည်း၍ အဖွဲ့ခေါင်းဆောင်နှင့် သန့်ရှင်းရေးဌာန၊ ရေနှင့် သန့်ရှင်းမှုဌာန၊ စည်ပင်သာယာမြို့နယ်အုပ်ချုပ်ရေးမှူးများပါဝင်သည့်အဖွဲ့သည် သက်ဆိုင်ရာဌာနများမှ လူအင်အား၊ စက်ယန္တရားများအသုံးပြု၍ ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများကို နေ့စဉ်ဆောင်ရွက်လျက်ရှိသည်။ **(အောက်ပုံ)**

ထိုသို့ လုပ်ငန်းများဆောင်ရွက်ရာတွင် ယမန်နေ့က အောင်မြေသာစံမြို့နယ် သန့်ရှင်းရေးဌာန တာဝန်ရှိသူများသည် ဒေါနဘွား ရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ၁၂ လမ်းတောင်ဘက်ခြမ်းမြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို လုပ်သားများက ၆၂ လမ်းနှင့် ၆၃ လမ်းကြား ဆယ်ယူရှင်းလင်းခြင်းနှင့် ရေနီမြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ၁၇ လမ်းနှင့် ၁၉ လမ်းကြားတွင် တပ်ဆင်ထားသည့် အမှိုက်စစ်ဆန်ခါများမှ ဒိုက်နှင့် အမှိုက်များကို လုပ်သားများက ဆယ်ယူရှင်းလင်းခြင်းနှင့် ရွှေတချောင်းမြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ၁၀ လမ်းနှင့် ၁၂ လမ်းကြားမြောင်းအတွင်းမှ အမှိုက်နှင့် ဒိုက်များကို လုပ်သားများက ဆယ်ယူရှင်းလင်းခြင်းနှင့် ရွှေတချောင်းမြောင်းမှ ရေကြည်မြောင်းအတွင်းစီးဝင်သည့် ရေထိန်းတံခါးအမှိုက်စစ်ဆန်ခါမှ ဒိုက်၊ အမှိုက်များကို လုပ်သားများက ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။

ချမ်းအေးသာစံမြို့နယ် သန့်ရှင်းရေးဌာန တာဝန်ရှိသူများသည် ကန်ကောက်ရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ၅၃ လမ်းအနောက်ဘက်ခြမ်းမြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို လုပ်သားများက လမ်း ၃၀ နှင့် ၃၁ လမ်းကြား ဆယ်ယူရှင်းလင်းခြင်းနှင့် စိတ္တရမဟီရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ၇၄ လမ်းအရှေ့ဘက်ခြမ်းမြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို E-35 ဘက်ဟိုးစက်အသုံးပြု၍ ၂၆ လမ်းနှင့် ၂၈ လမ်းကြား ဆယ်ယူရှင်းလင်းခြင်းနှင့် ငွေတချောင်းမြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ၆၈ လမ်းနှင့် ၃၁ လမ်းတံတားထိပ်မြောင်းအတွင်းမှ အမှိုက်နှင့် ဒိုက်များကို လုပ်သားများက ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။

မဟာအောင်မြေမြို့နယ် သန့်ရှင်းရေးဌာန တာဝန်ရှိသူများသည် ကိုလံဘိုမြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ဗောဓိပတ်လမ်းမြောင်းအတွင်းမှ နွံစာများကို PC-200 စက်အသုံးပြု၍ ၆၉ လမ်းနှင့် လမ်း ၇၀ ကြား ဆယ်ယူရှင်းလင်းဆောင်ရွက်ကြသည်။

ချမ်းမြသာစည်မြို့နယ် သန့်ရှင်းရေးဌာန တာဝန်ရှိသူများသည် မြို့သစ်(၁)ရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ၆၆B လမ်း စိုက်ပျိုးရေးဝန်ထမ်းအိမ်ရာ အရှေ့ဘက်မြောင်းအတွင်းမှ ဒိုက်နှင့် မြောင်းစာများကို Takeuchi-4 ဘက်ဟိုးစက်အသုံးပြု၍ ၁၀၃ လမ်းနှင့် ၁၀၄ လမ်းကြား ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။

ပြည်ကြီးတံခွန်မြို့နယ် သန့်ရှင်းရေးဌာန တာဝန်ရှိသူများသည် (ဓ)ရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ၆၀E လမ်း အနောက်ဘက်ခြမ်းမြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို E-35 ဘက်ဟိုးစက်အသုံးပြု၍ ၁၃၂ လမ်းနှင့် ၁၃၃ လမ်းကြား ဆယ်ယူရှင်းလင်းခြင်းနှင့် ဂျပန်မြောင်းရေစီးရေလာကောင်းမွန်ရေးအတွက် မြောင်းအတွင်းမှ နွံနှင့် ဒိုက်များကို Longarm စက်အသုံးပြု၍ ၆၅ လမ်းနှင့် ၆၆ လမ်းကြား ဆယ်ယူရှင်းလင်းခြင်းနှင့် ၄၉B လမ်းအရှေ့ဘက်ခြမ်းမြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် မြောင်းအတွင်းမှ ဒိုက်နှင့် မြောင်းစာများကို လုပ်သားများက ၁၂၀ လမ်းနှင့် ၁၂၁ လမ်းကြား ဆယ်ယူရှင်းလင်းဆောင်ရွက်ကြပြီး မြို့နယ်အလိုက် ဆယ်ယူထားသည့် အမှိုက်နှင့် မြောင်းစာများကို မော်တော်ယာဉ်များဖြင့် သိမ်းဆည်း ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၃)**



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ပြည်သူများ၏ အပ်နှံငွေများကို အပြည့်အဝ အကာအကွယ်ပေးထား

## အသိပေးကြေညာချက်

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ဘဏ်များအား ဘဏ်လုပ်ငန်းလိုင်စင်ထုတ်ပေးထားပြီး ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိ၊ မရှိ စောင့်ကြည့်ကြပ်မတ်ကွပ်ကဲလျက်ရှိပါသည်။ ဘဏ်များကလည်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ လမ်းညွှန်ချက်နှင့်အညီ ဘဏ်လုပ်ငန်းဝန်ဆောင်မှုများဖြစ်သော စုဆောင်းအပ်နှံငွေအမျိုးမျိုးလက်ခံပြီး၊ နိုင်ငံတော်၏စီးပွားရေးအတွက် အရေးကြီးကဏ္ဍများကို ချေးငွေအမျိုးမျိုးထုတ်ချေးခြင်း၊ ဒစ်ဂျစ်တယ်နည်းလမ်းများဖြင့် ငွေကြေးဝန်ဆောင်မှုများဆောင်ရွက်ခြင်း၊ ကုန်သွယ်ရေးကဏ္ဍအတွက် ငွေကြေးထောက်ပံ့ခြင်း၊ MSMEs လုပ်ငန်းများကို ငွေကြေးထောက်ပံ့ခြင်း၊ နိုင်ငံတကာဘဏ်များနှင့် ငွေပေးချေမှုများဆောင်ရွက်ခြင်း စသည့် ဘဏ်ဝန်ဆောင်မှုများစွာ ပံ့ပိုးပေးလျက်ရှိကြောင်းကို ပြည်သူများ စိုးရိမ်မှုမရှိစေရန် မကြာခဏ ထုတ်ပြန်ပေးနေပါသည်။

ယခုအခါ နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို မလိုလားသော အဖျက်သမားမီဒီယာများနှင့် အဖျက်သမားအုပ်စုသည် Facebook Page များဖြစ်သော Yan Paing Soe၊ Dean Kyne၊ YouTube Channel များဖြစ်သော Yebaw Shan Lay၊ Big Boss၊ Rc David၊ Khit Thit Media တို့သည်လည်း မဟုတ်မမှန်သတင်းများ ထုတ်လွှင့်ပြီး နိုင်ငံ့စီးပွားရေးနှင့် ငွေကြေးတည်ငြိမ်မှု ပျက်ပြားစေရန် ရည်ရွယ်ချက်ရှိရှိဖြင့် သွေးထိုးလှုံ့ဆော်မှုများ ဆောင်ရွက်လျက်ရှိနေကြောင်း တွေ့ရှိရပါသည်။ ထိုသို့ အဖျက်သမားများက အစိုးရနှင့် အများပြည်သူအကျိုးစီးပွားထိခိုက်စေရန် ရည်ရွယ်၍ မကြာခဏ ရေးသားဖြန့်ဝေနေသော လူမှုကွန်ရက်စာမျက်နှာများကို လက်ခံယုံကြည်ခြင်းမရှိရန်နှင့် စိုးရိမ်ပူပန်စရာမလိုကြောင်း ပြည်သူလူထုအနေဖြင့်လည်း အဖျက်သမားမီဒီယာများ၊ အဖျက်သမားအုပ်စုများကို ဝိုင်းဝန်းတိုက်ဖျက်ရန်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

သို့ပါ၍ ပြည်သူများအနေဖြင့် အဖျက်သမားများ၏ လှုံ့ဆော်ရေးသားမှု၊ ပြောကြားမှုများကို စိုးရိမ်စရာမလိုဘဲ ဘဏ်များအပေါ်ယုံကြည်စိတ်ချစွာဖြင့် ဘဏ်ဝန်ဆောင်မှုများ ပုံမှန်ရယူသုံးစွဲနိုင်ပါကြောင်း၊ **မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ပြည်သူများ၏ အပ်နှံငွေများကို အပြည့်အဝ အကာအကွယ်ပေးထားပါကြောင်း** ထပ်မံအသိပေးကြေညာအပ်ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်
(၅-၆-၂၀၂၄)

---

○ ရှေ့ဖုံးမှ

နည်းလမ်းမျိုးစုံဖြင့် သစ်တောစိုက်ခင်းများ တည်ထောင်စိုက်ပျိုးခြင်း၊ သဘာဝတောကျန်များ ပြုစုထိန်းသိမ်းကာကွယ်ခြင်း လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းနှင့်စပ်လျဉ်းပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့်မန္တလေးတိုင်းဒေသကြီးတို့တွင် ပါဝင်သည့် ခရိုင် ၁၃ ခရိုင်၊ မြို့နယ်ပေါင်း ၅၃ မြို့နယ်တို့တွင် ၁၉၉၇-၁၉၉၈ ဘဏ္ဍာနှစ်မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အထိ သစ်တောစိုက်ခင်းဧက လေးသိန်းကျော် စိုက်ပျိုးတည်ထောင်ခြင်း၊ သဘာဝတောဧက ၂ ဒသမ ၂၅ သန်းကို ကာကွယ်ထိန်းသိမ်းခြင်း၊ ထင်းအစားအခြားလောင်စာ တိုးမြှင့်အသုံးချရေးနှင့် ရေရရှိရေးတို့ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း။

### သစ်ပင်ပေါင်း ၂၂ သန်း စိုက်ပျိုးသွားမည်

ခရိုင် ၁၃ ခရိုင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သက်တမ်း နှစ်နှစ်အထက် ပျိုးသက်ရင့် ပျိုးပင်များနှင့် ရွာတစ်ရွာနှစ်ဧက စိုက်ပျိုးနိုင်ရေးကြိုတင် ပြင်ဆင်ဆောင်ရွက်သွားရန် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အပေါ် ၂၀၂၄ ခုနှစ် မိုးရာသီတွင် စိုက်ခင်းမျိုးစုံနှင့် တစ်ရွာနှစ်ဧက ကျေးရွာထင်းစိုက်ခင်းအပါအဝင် အပင်ပေါင်း နှစ်သန်းကျော် စိုက်ပျိုးသွားမည်ဖြစ်ပြီး ကျေးရွာပေါင်း ၈၀၉ ရွာကို အကျိုးပြုစေမည် ဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးအနေဖြင့် သစ်တောစိုက်ခင်းမျိုးစုံအပါအဝင် သစ်ပင်ပေါင်း ၂၂ သန်း စိုက်ပျိုးသွားမည်ဖြစ်ကြောင်း။

ထို့ပြင် ၂၀၃၀ ပြည့်နှစ်တွင် ကြိုးဝိုင်းကြိုးပြင် ကာကွယ်တောကို နိုင်ငံ့ဧရိယာ၏ ၃၀ ရာခိုင်နှုန်းနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေကို နိုင်ငံ့ဧရိယာ၏ ၁၀ ရာခိုင်နှုန်း သတ်မှတ်ဖွဲ့စည်းရန် လျာထားဆောင်ရွက်လျက်ရှိရာ ၂၀၂၄ ခုနှစ် ဧပြီလအထိ သစ်တောနယ်မြေ ကြိုးဝိုင်းကြိုးပြင် ကာကွယ်တော ၁၃၀၄ ခု၊ နိုင်ငံ့ဧရိယာ၏ ၂၅ ဒသမ ၈၈ ရာခိုင်နှုန်းနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေ ၅၉ ခု၊ နိုင်ငံ့ဧရိယာ၏ ၆ ဒသမ ၄၂ ရာခိုင်နှုန်း ဖွဲ့စည်းထားရှိပြီး ဖြစ်ကြောင်း၊ ကျန်ရှိနေသေးသည့် ကာလခြောက်နှစ်ကျော်ခန့် အတွင်းတွင် လျာထားရည်မှန်းချက် ပြည့်မီအောင် ကာကွယ်ထိန်းသိမ်းခြင်းနှင့် စိုက်ပျိုးပြုပြင်ခြင်းများကို ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

သဲကန္တာရဖြစ်ထွန်းမှု တိုက်ဖျက်ရေးနှင့် မိုးခေါင်ရေရှားဒဏ် ခံနိုင်ရေးအတွက် မြေယာပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်ကြရာတွင် သစ်တောများ ထိန်းသိမ်းတည်ထောင်ခြင်း၊ အပူဒဏ်ခံနိုင်သည့် အပင်များနှင့် သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်း၊ ရေချိုသယံဇာတများ ထိန်းသိမ်းခြင်းနှင့် ဓာတ်မြေသြဇာအစား သဘာဝမြေသြဇာများ ပိုမိုအသုံးပြုခြင်း စသည်များဖြင့် ပြုပြင်ထိန်းသိမ်းသွားရမည်ဖြစ်ကြောင်း၊ ထို့ပြင် အမှိုက်များ စနစ်တကျစွန့်ပစ်ခြင်း၊ ဆွေးမြည့်ရန် မလွယ်ကူသည့် ပလတ်စတစ်နှင့် ကြွပ်ကြွပ်အိတ်များကို လျှော့၍သုံးစွဲခြင်း၊ ပြန်သုံးခြင်း၊ ပြန်လည်ပြုပြင်သုံးစွဲခြင်း စသည့်3Rစနစ်များကိုအလေးထားဆောင်ရွက်ကြရန်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ မူဝါဒနှင့် ဥပဒေများကို မိမိတို့နိုင်ငံသူ၊ နိုင်ငံသားအားလုံးက လေးစားလိုက်နာ ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း။

ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် ဖြစ်သည့် **"သဲကန္တာရ တိုက်ဖျက်ရေးနှင့် မိုးခေါင်ရေရှားဒဏ် ခံနိုင်ရေး မြေယာ ပြန်လည်ပြုပြင်ပေး"** ဆိုသည့် ဆောင်ပုဒ်နှင့်အညီ စိမ်းလန်းစိုပြည်သည့်၊ ရာသီဥတုကောင်းမွန်မျှတသည့်၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး ဖြစ်လာစေရန် သဲကန္တာရ ဖြစ်လာနိုင်ခြင်းမှ ကာကွယ်ရေးနှင့် မိုးခေါင်ရေရှားဒဏ် လျော့နည်းရေးတို့အတွက် အားလုံးတက်ညီလက်ညီ စည်းလုံးညီညွတ်စွာဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်နှင့် ကုလသမဂ္ဂပတ်ဝန်းကျင် အစီအစဉ် (UNEP) အမှုဆောင်ညွှန်ကြားရေးမှူးတို့၏ ၂၀၂၄ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ သဝဏ်လွှာ ဗီဒီယိုများကို ပြသသည်။

### ပေးအပ်ချီးမြှင့်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူးက ၂၀၂၄ ခုနှစ်အတွက် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု ကောင်းမွန်သောမြို့ ဆုရရှိသည့် ရှမ်းပြည်နယ် ကလောမြို့၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှု ကောင်းမွန်သောကျေးရွာ ဆုရရှိသည့် မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် သံဘိုရွာသစ်ကျေးရွာ၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှု ကောင်းမွန်သော စက်ရုံဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် Shwe Taung Cement Co,Ltd (အပါချီဘိလပ်မြေစက်ရုံ)တို့မှ တာဝန်ရှိများကို ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်းက ၂၀၂၄ ခုနှစ်အတွက် အမျိုးသားအဆင့် သန့်ရှင်း၍ စိမ်းလန်းစိုပြည်သော အကောင်းဆုံး အထက်တန်းကျောင်းဆုနှင့် အကောင်းဆုံး မူလတန်းကျောင်းဆု ရရှိကြသည့် ကျောင်းတို့မှ တာဝန်ရှိသူများကို လည်းကောင်း၊ ကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန်က ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် တက္ကသိုလ်/ကောလိပ်အဆင့် ဆောင်းပါးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိကြသူများကို လည်းကောင်း၊ ကောင်စီအဖွဲ့ဝင် ဒေါက်တာဘရွှေက ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခြေခံပညာအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိကြသူများကိုလည်းကောင်း ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြပြီး ၂၀၂၄ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အသိပညာပေး ဗီဒီယိုကို ပြသသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူးသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ပြီး ၂၀၂၄ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ပြခန်းများကို လှည့်လည် ကြည့်ရှုခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်း အမျိုးသားအဆင့် သန့်ရှင်း၍ စိမ်းလန်းစိုပြည်သော အကောင်းဆုံး အထက်တန်းကျောင်းဆုရရှိသည့် ကျောင်းမှ တာဝန်ရှိသူတစ်ဦးအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရွှေ ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အခြေခံပညာအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။

---

စာမျက်နှာ ၂၄ မှ

အတတ်ပညာရှင်များ ပြုစုပျိုးထောင် မွေးထုတ်ပေးရေးအတွက် ပညာရေးကဏ္ဍအသီးသီးတွင် တာဝန်ယူဆောင်ရွက်နေကြသည့် ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများနှင့် စီမံခန့်ခွဲရေးဝန်ထမ်းများအားလုံး တက်ညီလက်ညီဝိုင်းဝန်းကြိုးပမ်းကြမှသာ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း၊ ဆရာ၊ ဆရာမများအနေဖြင့် ကျောင်းနေအရွယ် ကလေးများအားလုံး ကျောင်းရောက်ရှိစေရေးအတွက် စည်းရုံးဆောင်ရွက်ကြရန်နှင့် အနိမ့်ဆုံး KG+9 (အခြေခံပညာအလယ်တန်းအဆင့်)ပြီးမြောက်စေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ အခြေခံပညာအလယ်တန်းအဆင့် အောင်မြင်ပြီးမြောက်သူများအတွက် ခရိုင်အလိုက် ဖွင့်လှစ်ထားရှိသည့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများတွင် မိမိတို့စိတ်ပါဝင်စားရာ ဘာသာရပ်အလိုက် တက်ရောက်သင်ယူနိုင်ကြောင်း၊ ဆရာ၊ ဆရာမများအနေဖြင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများနှင့် ပတ်သက်၍ အလယ်တန်းအဆင့် ကျောင်းသားများကို ရှင်းလင်းပြောကြားပေးရန် လိုအပ်ပါကြောင်း။

နိုင်ငံတော်အတွက် အရည်အချင်းပြည့်ဝသော ပညာတတ်လူတော်လူကောင်းများ ပြုစုပျိုးထောင် မွေးထုတ်ပေးစေလိုကြောင်း၊ ပညာတတ်၍ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ရှိသော ကျောင်းသား၊ ကျောင်းသူများဖြစ်ပါမှ နိုင်ငံတော်ကအားထားရသူများဖြစ်လာမည်ဖြစ်ကြောင်း၊ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုယ်စွမ်းရှိသမျှ ဉာဏ်စွမ်းရှိသမျှ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ကျောင်းအုပ်ကြီးများ၏ တင်ပြလာမှုအပေါ် ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၌ မေ ၂၃ ရက်မှ ဇွန် ၅ ရက်အထိ အခြေခံပညာကျောင်းသား၊ ကျောင်းသူ ၆၇၉၂၃၆၂ ဦး လာရောက် အပ်နှံပြီးစီးခဲ့ပြီး ကျန်ရှိသည့် ကျောင်းသား၊ ကျောင်းသူများလည်း သက်ဆိုင်ရာ ကျောင်းများသို့ လာရောက် ကျောင်းအပ်နှံလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ၂၀၂၄ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်





**မန္တလေး ဇွန် ၅**

မန္တလေးတိုင်းဒေသကြီး ၂၀၂၄ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး၊ မြို့တော်ခန်းမတွင်ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ခင်သင်းဝေ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများနှင့် ဖိတ်ကြားထားသည့် ဧည့်ပရိသတ်များ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားများကို ရည်ရွယ်ချက်များဖြင့် ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ်၏ ဆောင်ပုဒ်နှင့်အညီ နှစ်စဉ်ကျင်းပလျက်ရှိပါကြောင်း၊ ယခုနှစ်ဆောင်ပုဒ်မှာ "သဲကန္တာရတိုက်ဖျက်ရေးနှင့် မိုးခေါင်ရေရှားဒဏ်ခံနိုင်ရေး မြေယာပြန်လည်ပြုပြင်ပေး"ဖြစ်ပါကြောင်း၊ မြေယာပြန်လည် ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ခြင်းအားဖြင့် မြေယာအဆင့်အတန်းလျော့ကျမှု၊ မိုးခေါင်မှုများနှင့် သဲကန္တာရဖြစ်ထွန်းမှုများကို တားဆီးနိုင်မည်ဖြစ်ပါကြောင်း၊ မြေယာပြန်လည်ပြုပြင်ထိန်းသိမ်းခြင်း၊ ရာသီဥတုပြောင်းလဲမှုလျော့ချခြင်း၊ သဘာဝပတ်ဝန်းကျင် ကာကွယ်ခြင်းတို့အပြင် ကမ္ဘာတစ်ဝှမ်းမှာရှိသည့် လူသန်းပေါင်းများစွာ၏ အသက်မွေးဝမ်းကျောင်းနှင့် စားနပ်ရိက္ခာဖူလုံမှုကို မြှင့်တင်ခြင်း စသည့်ရည်မှန်းချက်ပန်းတိုင်များကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ သဲကန္တာရဖြစ်ထွန်းခြင်း၊ မိုးခေါင်ခြင်းများဖြစ်ပေါ်စေသည့် အဓိကအကြောင်းအရာများကို ဝိုင်းဝန်းအဖြေရှာကာ အကောင်းဆုံးနည်းလမ်းများဖြင့် ပူးပေါင်းဖြေရှင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်နှင့် ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ် (UNEP)အမှုဆောင်ညွှန်ကြားရေးမှူးတို့၏ သဝဏ်လွှာဖတ်ကြားသည့် Video Clipနှင့် သဲကန္တာရတိုက်ဖျက်ရေးနှင့် မိုးခေါင်ရေရှားဒဏ်ခံနိုင်ရေး၊ မြေယာပြန်လည်ပြုပြင်ပေး အသိပညာပေး Video Clip များကို ပြသသည်။

၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးအဆင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုကောင်းမွန်သော စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဆုတို့တွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသည့် စက်ရုံများမှ တာဝန်ရှိသူများထံသို့လည်းကောင်း၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများက တိုင်းဒေသကြီးအဆင့် သန့်ရှင်း၍စိမ်းလန်းစိုပြည်သော ကျောင်းဆု အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့်တို့တွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုများရရှိသည့် **စာမျက်နှာ ၅ သို့** ❑










❑ စာမျက်နှာ ၄ မှ

အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူများထံသို့လည်းကောင်း၊ တိုင်းဒေသကြီးအဆင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုကောင်းမွန်သော စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဆုတွင် ဂုဏ်ပြုဆုရရှိသည့် စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းတို့မှ တာဝန်ရှိသူများထံသို့လည်းကောင်း ဆုတံဆိပ်များနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ချီးမြှင့်ပြီးနောက် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် သက်ဆိုင်ရာကျောင်းအုပ်ကြီးများထံ သန့်ရှင်းရေးသုံးပစ္စည်းများပေးအပ်ခဲ့ကြောင်းနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ပိုစတာ၊ ဘုတ်များနှင့် အထိမ်းအမှတ်ပစ္စည်း ပြသထားမှုများကို လိုက်လံကြည့်ရှုခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**










## FIFA World Cup 2026 Preliminary Competition Asian Zone (Round-2) ခြေစစ်ပွဲစဉ်အတွက် ပွဲကြိုသတင်းစာရှင်းလင်းပွဲ ကျင်းပပြုလုပ်

ဇွန် ၆ ရက်တွင် ကျင်းပမည့် FIFA World Cup 2026 Preliminary Competition Asian Zone (Round-2) ခြေစစ်ပွဲစဉ်အတွက် ပွဲကြိုသတင်းစာရှင်းလင်းပွဲကို ဇွန် ၅ ရက် ညနေပိုင်းက သုဝဏ္ဏကွင်းရှိ သတင်းစာရှင်းလင်းပွဲခန်းမ၌ ကျင်းပပြုလုပ်သည်။

အဆိုပါ ပွဲကြိုသတင်းစာရှင်းလင်းပွဲမှ ဂျပန်နှင့် မြန်မာ အသင်းနည်းပြ၏ ပြောစကားများကို ဖော်ပြပေးလိုက်ပါသည်။




Mr.Michael Feichtenbenir **(မြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ်)**

"မနက်ဖြန် ပွဲစဉ်က ကျွန်တော်တို့အတွက် တကယ့်ကို စိန်ခေါ်မှုကြီးတစ်ရပ်ပါပဲ။ ဂျပန်အသင်းဟာ ကမ္ဘာ့အဆင့် (၂၀) အတွင်းဝင်တဲ့အသင်းတစ်သင်းဖြစ်သလို ကမ္ဘာ့အဆင့်ကစားသမားတွေလည်း ပါဝင်လာပါတယ်။ ဂျပန်အသင်းကို ဘောလုံးပိုင်ဆိုင်မှု တန်းတူလိုက်ကစားလို့မရပါဘူး။ ခံစစ်ကို အကောင်းဆုံးဦးစားပေးပြင်ဆင်ပြီးတော့ ရလာတဲ့ အခွင့်အရေးတွေက တစ်ဆင့် ရလဒ်ကောင်းထွက်ပေါ်အောင် ကြိုးစားသွားမှာပါ။ မနက်ဖြန်ပွဲစဉ်မှာ ပရိသတ်တွေကလည်း အသင်းကို စိတ်ရှည်ရှည်ထားပြီး အားပေးကြဖို့ မျှော်လင့်ပါတယ်။ အသင်းသားတွေ၊ ကစားသမားတွေ၊ ပရိသတ်တွေ အားလုံးအတူတူ ကြိုးစားကြမယ်ဆိုရင် မြောက်ကိုရီးယား၊ ဆီးရီးယားနဲ့ ပွဲစဉ်တွေတုန်းကလို ဂိုးရနိုင်မယ့် အခွင့်အရေးရရှိလာမယ်လို့ ယုံကြည်မျှော်လင့်ပါတယ်။ မနက်ဖြန်ပွဲစဉ်မှာ ကျွန်တော်မပါနိုင်ပေမယ့် ပြင်ဆင်မှုတွေသေချာလုပ်ထားပြီး အသင်းမှာ နည်းပြအဖွဲ့ဝင်ကောင်းတွေလည်း ရှိနေပါတယ်။"

**(ဂျပန်လက်ရွေးစင်အသင်းနည်းပြချုပ်)**

"မနက်ဖြန်ပွဲစဉ်က ခက်ခဲတဲ့ပွဲစဉ်တစ်ပွဲ ဖြစ်လာမှာပါ။ အိမ်ကွင်းပရိသတ်တွေကလည်း တစ်ခဲနက်အားပေးကြမယ်ဆိုတော့ မြန်မာအသင်းကို ရင်ဆိုင်ရခက်ခဲနိုင်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့အနိုင်ရဖို့အတွက် ကြိုးစားသွားမှာပါ။ အသင်းကို လိုချင်တဲ့ ပုံစံရဖို့လည်း ပြင်ဆင်လာပါတယ်။ ကစားသမားအသစ်တွေလည်း ပါဝင်လာပါတယ်။ မြန်မာအသင်းက တိုးတက်လာတဲ့ အသင်းတစ်သင်းဖြစ်လို့ ကျွန်တော်တို့အနေနဲ့ ဖိဖိစီးစီးယှဉ်ပြိုင်ကစားသွားမှာပါ"ဟု ပြောသည်။

မြန်မာ့လက်ရွေးစင်အသင်းသည် FIFA World Cup 2026 Preliminary Competition Asian Zone (Round-2) ခြေစစ်ပွဲစဉ်အဖြစ် ယနေ့ မြန်မာစံတော်ချိန် ၆ နာရီ မိနစ် ၄၀ တွင် ဂျပန်လက်ရွေးစင်အသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

**(NGB)**

## မန္တလေးနေ့စဉ်သတင်းစာကို Online ပေါ်တွင် အလွယ်တကူဖတ်ရှုနိုင်ပြီ

မန္တလေးနေ့စဉ်သတင်းစာ (The Mandalay Daily Newspaper)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (Mandalay City Development Committee)၏ website(emcdc.com)တွင် အလွယ်တကူဖတ်ရှုနိုင်ပြီဖြစ်သည်။

မန္တလေးတိုင်းဒေသကြီး၊ မြန်မာနိုင်ငံအထက်ပိုင်းနှင့် မြန်မာနိုင်ငံဒေသအသီးသီး၏ သတင်းများ၊ ဆောင်းပါးများ၊ ကဗျာများ၊ ရုပ်ရှင်နှင့် အနုပညာသတင်းများ၊ ဖျော်ဖြေရေးကဏ္ဍများ၊ အားကစားသတင်းများ၊ နိုင်ငံတကာသတင်းများ၊ ထုတ်ပြန်ချက်နှင့် ကြော်ငြာများကို မန္တလေးနေ့စဉ်သတင်းစာ၊ website (emcdc.com)နှင့် telegram channel(https://t.me/mandalaydailynewspaper)ပေါ်တွင် အလွယ်တကူဖတ်ရှုနိုင်သည်။

လူမှုဘဝတွင် နေ့စဉ်ဖြစ်ပျက်နေသော သတင်းအချက်လက်များကို အချိန်နှင့်တစ်ပြေးညီ အများပြည်သူသိရှိနိုင်ရန်အတွက် ရည်ရွယ်၍ ယခုကဲ့သို့ Online ကနေအလွယ်တကူဖတ်ရှုနိုင်ရန် စီစဉ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ သိရသည်။

**(မန္တလေးနေ့စဉ်-၅)**

@MANDALAYDAILYNEWSPAPER






## ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားလျက်ရှိ

**မကွေး ဇွန် ၅**

နိုင်ငံတစ်ဝန်းရှိ အခြေခံပညာစာသင်ကျောင်းများကို ဇွန် ၃ ရက်မှစတင်၍ ဖွင့်လှစ်သင်ကြားလျက်ရှိရာ မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ရေနံချောင်းမြို့နယ်၌ ယမန်နေ့နံနက်ပိုင်းက ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာ တက်ရောက်ပညာသင်ကြားလျက်ရှိသည်။

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် အခြေခံပညာကျောင်းပေါင်း ၁၅၀၊ ကိုယ်ပိုင်ကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းအပါအဝင် ယနေ့အထိ ကျောင်းအပ်နှံသည့် ကျောင်းသား၊ ကျောင်းသူဦးရေ ၂၃၀၀၀ ကျော် လာရောက်အပ်နှံတက်ရောက်ကြောင်း သိရသည်။

**(အပေါ်ခဲပုံ)(၄၇၂)**

ရတနာသစ်တော ပြည့်သွေးကြော သစ်တောရတနာ ထိန်းသိမ်းပါ

## ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့် ကျောက်ဆည်စက်မှုနယ်မြေရှိစက်ရုံ ကြည့်ရှုစစ်ဆေး





နေပြည်တော် ဇွန် ၅

စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်သည် ဇွန် ၁ ရက်နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်စက်မှုနယ်မြေရှိ ပုဂ္ဂလိကနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်နေသည့် စက်ဘီးစက်ရုံ (ကျောက်ဆည်)၊ အပ်ချုပ်စက်စက်ရုံ (ကျောက်ဆည်)၊ ဖိနပ်စက်ရုံ (ကျောက်ဆည်)၊ အမှတ်(၉) အထည်စက်ရုံ (ကျောက်ဆည်) နှင့် သောက်ရေသန့်စက်ရုံခွဲ (ကျောက်ဆည်)တို့သို့ ရောက်ရှိပြီး စက်ရုံအလိုက် ကုန်ထုတ်လုပ်မှု လုပ်ငန်းများ ဆောင်ရွက်နေသည့် လုပ်ငန်းစဉ် အဆင့်ဆင့်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**မှာကြား**

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက စက်ရုံများကို ဒေသခံပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိစေရေး အတွက် လုပ်ငန်းများတိုးချဲ့ ဆောင်ရွက်နိုင်ရေး ကြိုးစား ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် စက်ရုံ ငှားရမ်းစာချုပ်ပါ စည်းမျဉ်း စည်းကမ်းများနှင့်အညီ လိုက်နာ၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ပြည်ပသွင်းကုန် အစားထိုး ကုန်ထုတ်လုပ်မှု လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်နိုင်ရေး ကြိုးစား ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ထုတ်ကုန်ပစ္စည်းများအား အရည်အသွေးကောင်းမွန်စေရေးအတွက် ထုတ်လုပ်မှု နည်းစဉ်တစ်လျှောက်တွင် စစ်ဆေးသည့်နေရာများ သတ်မှတ် ဆောင်ရွက်ရန်နှင့် ထုပ်ပိုးမှုစနစ်များ ကောင်းမွန်အောင်လည်း စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စက်ရုံများအလိုက် ရေးဆွဲထားရှိသည့် မီးဘေးလုံခြုံရေးစီမံချက်အတိုင်း တိတိကျကျ လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် မိမိတို့တတ်မြောက်ထားသည့် ပညာရပ်များဖြင့် နိုင်ငံတော်နှင့် ပြည်သူကိုအလုပ်အကျွေးပြုနိုင်ရေး ကြိုးစားဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ဝန်ထမ်းတစ်ဦးချင်းစီ၏ အရည်အသွေးများ တိုးတက်မြင့်မားစေရေးအတွက် လေ့လာသင်ယူမှုလုပ်ငန်းများကို အစဉ်အမြဲ ဆောင်ရွက်နေရမည်ဖြစ်ကြောင်း လမ်းညွှန်မှာကြားပြီး စက်ရုံငှားရမ်းထားရှိသည့် လုပ်ငန်းရှင်များနှင့် ဝန်ထမ်းများ၏ တင်ပြချက်များကို ဖြည့်ဆည်းပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ပြင်ဦးလွင်မြို့နယ်ရှိ ပြည်သူ့စစ်(ဌာနေ)အဖွဲ့ဝင်များအား လက်နက်တပ်ဆင်အပ်နှင်းခြင်းနှင့် ထောက်ပံ့ပစ္စည်းပေးအပ်

နေပြည်တော် ဇွန် ၅

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ပြင်ဦးလွင်မြို့နယ်ရှိ ပြည်သူ့စစ်(ဌာနေ)အဖွဲ့ဝင်များအား လက်နက်တပ်ဆင်အပ်နှင်းခြင်းနှင့် ထောက်ပံ့ပစ္စည်းပေးအပ်ခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် ပြင်ဦးလွင်မြို့ နယ်မြေခံသင်တန်းကျောင်းရှိ မင်းရဲကျော်စွာ အားကစားခန်းမ၌ ပြုလုပ်ရာ ပြင်ဦးလွင်တပ်နယ် တပ်နယ်မှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ်နှင့် တာဝန်ရှိသူများ၊ ပြည်သူ့စစ်(ဌာနေ)အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**တပ်ဆင်အပ်နှင်း**

ဦးစွာ တပ်နယ်မှူးက အမှာစကားပြောကြားသည်။ ထို့နောက် တပ်နယ်မှူးနှင့် တာဝန်ရှိသူများက ပြည်သူ့စစ်(ဌာနေ)အဖွဲ့ဝင်များအတွက် လက်နက်များ တပ်ဆင်အပ်နှင်းပေးပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်ရာ ပြည်သူ့စစ်(ဌာနေ) အဖွဲ့ဝင်များကိုယ်စား အဖွဲ့ခေါင်းဆောင်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် တပ်နယ်မှူးနှင့် တာဝန်ရှိသူများက တက်ရောက်လာကြသည့် ပြည်သူ့စစ်(ဌာနေ)အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



## ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေရယူထားပြီး အတိုး / အရင်း ပေးဆပ်ရန် ကျန်ရှိနေသော လုပ်ငန်းများအနေဖြင့် ချေးငွေများ အမြန်ဆုံးပေးဆပ်ရန် အသိပေးကြေညာခြင်း

ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီက ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်မှုရှိခဲ့သော စီးပွားရေးလုပ်ငန်းများအား ချေးငွေသက်တမ်း ၁ နှစ် (အတိုးနှုန်း ၁ %) ဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဧပြီလမှစတင်၍ ချေးငွေများ ထုတ်ချေးခဲ့ပါသည်။ ချေးငွေသက်တမ်း ၁ နှစ် ပြည့်မြောက်ခဲ့ပြီးနောက် ပထမအကြိမ် ၆ လ၊ ဒုတိယအကြိမ် ၆ လနှင့် တတိယအကြိမ် ၁ နှစ်နှင့် စုစုပေါင်း ၃ နှစ်အထိ ချေးငွေသက်တမ်းများ တိုးမြှင့်ဆောင်ရွက်ပေးခဲ့ပါသည်။

ယခုအခါတွင် ချေးငွေသက်တမ်း ၃ နှစ် ပြည့်မြောက်ကျော်လွန်ခဲ့ပြီးဖြစ်ပါသဖြင့် နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီး/ပြည်နယ်များရှိ ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေပြန်လည်ပေးဆပ်ရန် တာဝန်ကျန်ရှိနေသည့် ကုမ္ပဏီ/ လုပ်ငန်းများ အနေဖြင့် ချေးငွေ အတိုး/ အရင်းများကို **၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့မတိုင်မီ** အမြန်ဆုံးအပြေအကျေပြန်လည်ပေးဆပ်ပါရန် အသိပေးကြေညာအပ်ပါသည်။

ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့်<br>စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ

## ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း ကြေညာခြင်း

ရက်စွဲ၊ ၂၀၂၄ ခုနှစ် ဇွန်လ (၅) ရက်

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ အိမ်ရှေ့ပြင်ရပ်ကွက် မူလတန်းကျောင်းတွင် (၄ - ၆ - ၂၀၂၄) ရက် ၁၂ : ၃၀ နေ့လယ်ထမင်းစားချိန်တွင် အကြမ်းဖက်သောင်းကျန်းသူများမှ ဗုံးဖောက်ခွဲတိုက်ခိုက်ခဲ့သောကြောင့် ကလေးငယ် (၁) ဦး သေဆုံးပြီး ကလေးငယ် (၂၅) ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်း သိရှိရပါသည်။ ထိုသို့ အေးချမ်းစွာ ပညာသင်ကြားနေသော လူမမယ်ကျောင်းသားကလေးငယ်များအား လူမဆန်စွာ တိုက်ခိုက်ခဲ့သည့် အကြမ်းဖက်လုပ်ရပ်နှင့် အကြမ်းဖက်အဖွဲ့များအား ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA မှ ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့<br>ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)

## မတ္တရာမြို့နယ်၌ လူငယ်သုံးဦးကို လုံခြုံရေးတပ်ဖွဲ့ဝင်များ သတ်ဖြတ်ခဲ့သည်ဟု မဟုတ်မမှန် စွပ်စွဲရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် ဇွန် ၅

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် ရှမ်းမြောင်းကျေးရွာအနီးတွင် လူငယ်သုံးဦးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဇွန် ၄ ရက်တွင် သတ်ဖြတ်ခဲ့သည်ဟု သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်စွပ်စွဲရေးသားပြီး ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ယင်းရက်နေ့တွင် ရှမ်းမြောင်းကျေးရွာနှင့် အနီးဝန်းကျင်သို့ နယ်မြေလုံခြုံရေးဆောင်ရွက်ခြင်းနှင့် သွားရောက်ခဲ့ခြင်း မရှိကြောင်း သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် နယ်မြေလုံခြုံရေးဆောင်ရွက်ရာတွင် ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အတွက် အကြမ်းဖက်သမားများက မနာလိုမရှုဆိတ်ဖြင့် အပြစ်မဲ့ဒေသခံပြည်သူများကို ဖမ်းဆီးသတ်ဖြတ်နေပြီး တရားမဝင်ပြည်ဖျက်မီဒီယာများမှတစ်ဆင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ထင်ယောင်ထင်မှားဖြစ်စေရန် ဝါဒဖြန့်လှုံ့ဆော်ရေးသားနေခြင်းသာဖြစ်သည်။ ထို့ကြောင့် ပြည်သူများအနေဖြင့် အကြမ်းဖက်သမားများ၏ သတင်းများရရှိပါက လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် နီးစပ်ရာလုံခြုံရေးတပ်စခန်းများသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ကြောင်း သိရသည်။

သတင်းစဉ်




## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် ဇွန် ၅

စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး မွန်ပြည်နယ်တွင် ဒေသအလိုက်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မိုး/ဇလ

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ




## အိန္ဒိယရုပ်ရှင် Buddha Rajaon Ka Raja တွင် Himanshu Soni ပါဝင်ထား

ဘောလိဝုဒ်အနုပညာလောကမှ Zee TV၏ ဇာတ်လမ်းတွဲ Buddha Rajaon Ka Raja တွင် နက်နဲသည့် ဇာတ်ကောင်စရိုက်ကို ပီပြင်စွာ ပုံဖော်ထားသူမှာ ဟီမန်ရှုဆိုနီဖြစ်ပြီး ပရိသတ်အားပေးမှုတစ်ခဲနက်ရရှိထားသည်ဟု ဟောလိဝုဒ် အတ်ဒိတ်တွင် ဖော်ပြသည်။

အဆိုပါဇာတ်လမ်းတွဲတွင် သမိုင်းအကိုးအကားအများစုနှင့် နီပေါ၊ တိဘက်၊ ထိုင်း၊ ကမ္ဘောဒီးယား၊ လာအို စသည့် ဒေသများနှင့် ဗုဒ္ဓဝင်မှုကွဲများကို ကိုးကား၍ အပိုင်း(၅၅)ပိုင်းနှင့် မတူညီသော ရှုထောင့်မှ မဟာလူသားတစ်ဦးအကြောင်း တင်ပြထားသည်။

ဇာတ်ကောင်နှင့်ပတ်သက်၍ တော်ရုံသရုပ်ဆောင်များလုပ်ရန် မလွယ်ကူသည့် နက်နဲသော ဇာတ်ကောင်စရိုက်ကို ပီပီသသ ပုံဖော်ခဲ့သူမှာ ဟီမန်ရှုဆိုနီဖြစ်သည်။

ယင်းဇာတ်ကားမှာ မိရိုးဖလာ သမိုင်းအလွန်က ဗုဒ္ဓဝင်ဖြစ်ပြီး အိန္ဒိယဗုဒ္ဓဝင်ဇာတ်လမ်းတွဲကို လူကြိုက်များကာ 'မိမိကိုယ်ကို အောင်နိုင်ခြင်း' ဆိုသည့် သဘောတရားကို အဓိကထား ပြသသွားသည်။

(SKY)

## Alia Bath က အရိုးရှင်းဆုံးဆာရီနှင့် Met Gala 2024 ပွဲတက်ရောက်ခဲ့

အမေရိကန်နိုင်ငံတွင် ကျင်းပသည့် Met Gala 2024 ပွဲတော်သို့ ဘောလိဝုဒ်မင်းသမီး အာလီယာဘတ်က အရိုးရှင်းဆုံး ဆာရီဝတ်ဆုံနှင့်ပွဲတက်ရောက်ခဲ့ပြီး ပရိသတ်စိတ်ဝင်စားမှု အများဆုံး ရရှိခဲ့သည်ဟု ဘောလိဝုဒ် အတ်ဒိတ်တွင် ဖော်ပြသည်။



အဆိုပါ အခမ်းအနားကို ပရိယန်ကာချိုပရားနှင့်အာလီယာဘတ်တို့မှာ ၂၀၁၇/၂၀၁၈ ခုနှစ်မှစ၍ တက်ရောက်ခဲ့ကြသူများဖြစ်ကာ အိန္ဒိယ၏ ဘီလျံနာ မိသားစုထဲမှ သမီးဖြစ်သူ အီရှာအမ်ဘာနီတို့လည်း တက်ရောက်ခဲ့ကြဖူးသည်။

အာလီယာက အရိုးရှင်းဆုံး၊ အလှဆုံးအိန္ဒိယရိုးရာဝတ်စုံဆာရီဝတ်ပြီး ပွဲတက်ရောက်ခဲ့ရာ ပရိသတ် စိတ်ဝင်စားမှုအမြင့်မားဆုံးရရှိခဲ့သဖြင့် အာလီယာဘတ်က ဆာရီနှင့်ပထမဆုံးပွဲတက်မှုအတွက် ဂုဏ်ယူမဆုံးဖြစ်ခဲ့သည်ဟု ပြောကြားခဲ့သည်။

(SKY)

## Zhang Tianyang က Popular Film မဂ္ဂဇင်းတွင် War of Faith လူတစ်ဦးကို ချီးကျူးထား

တရုတ်အနုပညာရှင် ကျန်တီအန်ရန်က War of Faith ရိုက်ကွင်းအမှတ်တရဇာတ်ဝင်ခန်းတွင် လူတစ်ဦး(ဝမ်ရီဘို)ကို ချီးကျူးထားကြောင်း ပေါ်ပျူလာ ရုပ်ရှင်မဂ္ဂဇင်းတွင် ဖော်ပြထားသည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ကျန်တီအန်ရန် မေ့မရသော ဇာတ်ဝင်ခန်းမှာ အဆိုပါ ရုပ်ရှင်၌ စစ်ကြောခန်းထဲမှ ဝမ်ရီဘိုနှင့်အတူ သရုပ်ဆောင်ခဲ့ရသည့် အခန်းဖြစ်ကာ တွေ့ဆုံချိန်၌ စိတ်ကူးထက်ပိုနေပြီး အလုပ်အပေါ် အရမ်းမြှုပ်နှံထားသူဖြစ်သည်။

စစ်ကြောရေးအခန်းဇာတ်ဝင်ခန်းတွင် ဝမ်ရီဘိုကို အရင်အနီးကပ်ရိုက်ပြီးမှ သူ့ကို အနီးကပ်ရိုက်ရာ ထွက်မသွားဘဲ ဆက်ထိုင်ကူညီပေးခဲ့ပြီး စီနီယာတစ်ဦးပြောသော စကားကို ပြောပေးခဲ့၍ တွဲဖက်ကို တွဲခေါ်ပေးခဲ့သည်။

နောက်ထပ်ထူးခြားချက်မှာ တစ်ဖွဲ့လုံးကို တွေးပေးတတ်ကာ ကြိုးများတွဲချည်ထားသည်ကို အချိန်မကုန်အောင် တွဲလောင်းနေပေးပြီး ရာသီဥတုအေး၊ အခန်းအေးထဲတွင် ဝတ်စုံပါးပါးနှင့် ဒုက္ခခံပေးခဲ့သည့် ဝမ်ရီဘိုကို ကျန်တီအန်ရန်က ချီးကျူးစကားပြောကြားသွားခဲ့သည်။

(SKY)



## BTS မှ RM@ Kim Nam Joon က ယနေ့ခေတ်တွင် မထုတ်ရဲသော ဂီတခွေ ထုတ်ခဲ့

ယခုခေတ်တွင် သုံးမိနစ်မကျော်သော သီချင်းများထုတ်နေချိန် ဘီတီအက်စ်အဖွဲ့ခေါင်းဆောင် အာရ်အမ်(ခေါ်)ကမ်နမ်ဂျူးက သူ့အနုပညာကို ထိထိမိမိ နားထောင်နိုင်ရန် ခြောက်မိနစ်စာနှင့် Sprtify တွင် ထုတ်လွှင့်သွားခဲ့သည်ဟု အောကေပေ့ါပ် ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အာရ်အမ်၏ တစ်ကိုယ်တော်ဂီတ Comback To Me တွင် ပါဝင်သည့် သီချင်းတစ်ပုဒ်မှာ နာကျင်မှု၊ အချစ်၊ အထီးကျန်မှု၊ ပျော်ရွှင်မှုတို့နှင့် မိသားစုတွင်း နောက်ကွယ်မှ ပြဿနာများရှိခဲ့ကြပုံ၊ မည်သို့ပြဿနာရှိပါစေ ကိုယ့်ပုံစံကို မကြိုက်လျှင်တောင်မှ ကိုယ့်ပြန်အလာကို စောင့်နေသည့် အိမ်လေးများရှိပုံ၊ ကိုယ်ကလည်း တစ်စုံတစ်ယောက်၏ အိမ်လေးဖြစ်နေနိုင်ပုံတို့ကို လှလှပပ ပုံဖော်ထားသည့် အမ်တီဗီလေးမှာ ဒရမ်မာဇာတ်လမ်းနှင့် တူနေသည်။

အာရ်အမ်၏ အမ်တီဗီကို ဒါရိုက်တာ ပတ်ချန်ဝုဒ် အနုပညာဒါရိုက်တာ ရှုဆောင်ဟီးနှင့် ဒါရိုက်တာ လီဆောင်ဂျင်းတို့က ဖန်တီးပေးထားပြီး ဂျပန်ဓာတ်ပုံဆရာအပါအဝင် ဓာတ်ပုံဆရာများစွာက ပုံဖော်ပေးထားကြသည်။

(SKY)

## Lee Joon Gi က Joo NGI's DAY 2024 IN SEOUL ပရိသတ်တွေ့ဆုံပွဲ ကျင်းပ

ထိပ်တန်းအနုပညာရှင် ဆောင်ဂျောင်ကီးက အန်ဟွာအမျိုးသမီးတက္ကသိုလ်တွင် Joo NGI's DAY 2024 IN SEOUL Spring, Again Fan Meeting ကျင်းပခဲ့သည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။



အဆိုပါပွဲတွင် ဆောင်ဂျောင်ကီး က Standing Next To You သီချင်းနှင့် သီဆိုကပြဖျော်ဖြေခဲ့ပြီး ဘီတီအက်စ်မှ ဂျောင်ဂုကို သဘောကျအားပေး၍ တင်ဆက်ခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

လီဂျောင်ကီးသည် 2022 Fifa World Cup တုန်းက တောင်ကိုရီးယားအသင်း Round 16 တက်သွားစဉ်က လည်း ဂျောင်ဂု၏ Dreamers ကို နောက်ခံဂီတအဖြစ် အသုံး ပြု၍ အားပေးခဲ့သူဖြစ်သည်။

ပရိသတ်များက ဂျောင်ဂု အလွမ်းပြေဆောင်ဂျောင်ကီးကို တွေ့ရ၍ သဘောကျနေကြကာ အားပေးမှုများ တစ်ခဲနက်နှင့်အားပေးထားကြရာ ရသသစ်တစ်မျိုးနှင့် မြင်တွေ့ရ၍ သဘောကျနေကြသည်။

(SKY)



## လိမ္မော်သီးခွံတွင် ပါဝင်သောဓာတ်ပစ္စည်း နှလုံးကျန်းမာရေး တိုးတက်စေမည်ဟု ဆို

အရည်ရွှမ်းသောသစ်သီးအမျိုးမျိုးရှိသည့်အနက် အချိုနှင့် အချဉ်အရသာမျှတသော လိမ္မော်သီးကို ကမ္ဘာ့နိုင်ငံများစွာတွင် စားသုံးလေ့ရှိကြသည်။

လိမ္မော်သီးစားသူအများစုမှာ အရည်ဓာတ်ပြည့်ဝသော အတွင်းသားကို စားပြီးနောက် အခွံကိုအမှိုက်အဖြစ် လွှင့်ပစ်ကြစမြဲဖြစ်သည်။

ထိုလိမ္မော်ခွံတွင် ပါဝင်သောဓာတ်ပစ္စည်းအကြောင်းကို အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါတက္ကသိုလ်မှ အစားအစာ သိပ္ပံပညာနှင့် လူသားအာဟာရဌာနတွဲဖက်ပါမောက္ခယူဝမ်းဦးဆောင်သော သုတေသီများမကြာသေးမီကစူးစမ်းလေ့လာခဲ့ကြသည်။

ထိုသို့လေ့လာရာမှ လိမ္မော်ခွံထဲ၌တွေ့ရသော ဒြပ်ပေါင်းတစ်မျိုးက လူ့နှလုံးကျန်းမာရေးတိုးတက်စေကြောင်း ဆက်စပ်ဖော်ထုတ်နိုင်ခဲ့ကြောင်း သိရသည်။ Mon



## Kim Junghwa က အဘွားဖြစ်ကြောင်း ကြေညာထား

မင်းသမီး ကင်ဂျောင်ဟွာက ယူဂန်နာသွားရင်း မွေးစားခဲ့သော သမီးတစ်ယောက်မှ သားဦးလေးမွေးဖွားခဲ့၍ အဘွားဖြစ်ပြီဟု ကြေညာထားသည်ဟု ကိုရီးယား ဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ကင်ဂျောင်ဟွာသည် ခင်ပွန်းနှင့်အတူ ၂၀၀၉ ခုနှစ်တွင် ယူဂန်နာသွားရင်း Agenes ဆိုသည့် မိန်းကလေးကို သမီးတစ်ဦးကဲ့သို့ ထောက်ပံ့ပေးခဲ့ပြီး ၂၀၂၀ ပြည့်နှစ်တွင် ယင်းဒေသ၌ ကော်ဖီပင်များစိုက်ကာ စီးပွားရေးအထောက်အပံ့အဖြစ် ဆောင်ရွက်ပေးခဲ့သည်။

ကင်ဂျောင်ဟွာတို့ ဇနီးမောင်နှံက Agnesနှင့် အဆက်အသွယ်မပြတ်ရှိခဲ့ပြီး မင်္ဂလာဆောင်ကိုလည်း တက်ရောက်ခဲ့ကြကာ သားဦးလေးမွေးဖွားခဲ့၍ အဘွားဖြစ်ပြီဟု ကြေညာခဲ့သည်။

ကင်ဂျောင်ဟွာသည် အဆိုတော်နှင့်လုပ်ငန်းရှင်ယူအန်ဆောင်နှင့် လက်ထပ်ခဲ့ပြီး သားနှစ်ဦးထွန်းကားကာ လက်ရှိထုတ်လွှင့်ပြသနေသည့် Chief Detect -ive 1958 တွင် ပါဝင်ထားသည်။

(SKY)



# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## နာရင်ဒရာမိုဒီ ဦးဆောင်သော ဘီဂျေပီပါတီအနိုင်ရ ပါတီငယ်များနှင့် ပေါင်းစည်းပြီး အစိုးရဖွဲ့ခွင့်ရမည်

**ဒေလီ ဇွန် ၅**

၂၀၂၄ခုနှစ် အိန္ဒိယအထွေထွေရွေးကောက်ပွဲ မဲရလဒ် ဇွန် ၅ ရက်တွင် တရားဝင်ထွက်ပေါ်လာပြီဖြစ်ရာ ဝန်ကြီးချုပ် နာရင်ဒရာမိုဒီဦးဆောင်သော ဘီဂျေပီပါတီအနိုင်ရခဲ့ကြောင်း စီအင်န်အေ သတင်းဌာနက ဖော်ပြသည်။



ယင်းပါတီအနေဖြင့် အိန္ဒိယပါလီမန်အတွက် အမတ်နေရာ ၂၄၀ အတွက်သာအနိုင်ရကာ ၆၃ နေရာတွင် ရှုံးနိမ့်ခဲ့သည်။

ယခင် ရွေးကောက်ပွဲနှစ်ကြိမ်ကကဲ့သို့ တစ်ပါတီတည်း အစိုးရဖွဲ့နိုင်လောက်သည်အထိ အနိုင်ရခဲ့ခြင်းမဟုတ်သဖြင့် အာဏာရ ဘီဂျေပီပါတီအနေဖြင့် ပါတီငယ်များနှင့် ပေါင်းစည်းပြီးမှ အစိုးရဖွဲ့စည်းခွင့်ရမည်ဖြစ်သည်။

အဆိုပါ ရွေးကောက်ပွဲရလဒ်ကို ကြည့်ခြင်းအားဖြင့် နာရင်ဒရာမိုဒီသည် တတိယနိုင်ငံရေးသက်တမ်းအထိ ဝန်ကြီးချုပ်တာဝန်ဆက်လက်ထမ်းဆောင်ခွင့်ရသည့်တိုင် ယခင်ရွေးကောက်ပွဲများက လောက် ဩဇာတိက္ကမကြီးမားတော့ကြောင်း ၎င်းကို တွေ့ရလိမ့်မည်ဟု ၎င်း၏ အတ္ထုပ္ပတ္တိရေးသားသူ နီလာနာဂျန်မူခိုပတ်ဒယေးက သုံးသပ်သည်။

နာရင်ဒရာမိုဒီသည် လာမည့် ဇွန် ၈ ရက်တွင် အိန္ဒိယဝန်ကြီးချုပ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုရမည်ဖြစ်ကြောင်း သိရသည်။

Mon

0-0-0-0-0



## ဗြိတိန်ဝန်ကြီးချုပ် ရွေးကောက်ပွဲအကြို စကားစစ်ထိုးမှု တိုက်ရိုက်ထုတ်လွှင့်

**လန်ဒန် ဇွန် ၅**

ဗြိတိန်ဝန်ကြီးချုပ် ရွေးကောက်ပွဲအကြို စကားစစ်ထိုးမှုကို ဇွန် ၄ ရက်က အိုင်တီဗွီရုပ်မြင်သံကြားဌာနက တိုက်ရိုက်ထုတ်လွှင့်ခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

လက်ရှိအာဏာရ ဝန်ကြီးချုပ် ရီရှီဆူနတ်နှင့် အတိုက်အခံလေဘာပါတီ ဝန်ကြီးချုပ်လောင်း ကီယာစတာမာတို့နှစ်ဦး ယှဉ်ပြိုင်စကားစစ်ထိုးခဲ့ကြခြင်းဖြစ်သည်။

ယင်းစကားစစ်ထိုးပွဲအပြီးတွင် ပရိသတ်များထံမှ မဲ၊ ကောက်ခံခဲ့ရာ ကီယာစတာမာက အနိုင်ရခဲ့ကြောင်း သိရသည်။

Mon

0-0-0-0-0

## အစ္စရေးနိုင်ငံမြောက်ပိုင်းတွင် အပူချိန်လွန်ကဲရာမှ လူနေရပ်ကွက်များ မီးလောင်မှုဖြစ်ပွားခဲ့ရ

**ဂျေရုဆလင် ဇွန် ၅**

အစ္စရေးနိုင်ငံမြောက်ပိုင်း လက်ဘနွန်နယ်စပ်နှင့် ထိစပ်နေသော ဒေသတစ်ဝန်းတွင် ရာသီဥတုအပူချိန် မြင့်တက်နေသည်မှာ ရက်သတ္တပတ်အနည်းငယ် ကြာမြင့်နေပြီဖြစ်သည်။

ယင်းကဲ့သို့ရာသီဥတု အပူချိန်လွန်ကဲရာမှ လွန်ခဲ့သော ရက်ပိုင်းအတွင်းက လူနေရပ်ကွက်များ မီးလောင်မှုများဖြစ်ပွားခဲ့ရကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

နယ်စပ်ဒေသတွင် ဟစ်ဇဘိုလာပြောက်ကျားများ ပစ်ခတ်သော ဒုံးလက်နက်အချို့ကျရောက်ရာမှ တောမီးများ ရက်အတန်ငယ်ကြာသည်အထိ တောက်လောင်ခဲ့သေးသည်။

ထိုတောမီးများ ငြိမ်းသွားပြီးနောက် ရာသီဥတုအပူချိန်မြင့်တက်မှု ကြုံတွေ့ရာမှ ထိုနယ်စပ်အနီးရှိ ကာယတ်ရှမိုနာဟု အမည်ရသော မြို့ငယ်တွင် ဇွန် ၃ ရက်က လူနေရပ်ကွက်များမီးလောင်ခဲ့ရာ နာရီ ၂၀ ခန့်ကြာသည်အထိ ငြိမ်းသတ်ခဲ့ရကြောင်း ဒေသခံမီးသတ်တပ်ဖွဲ့ဝင် တစ်ဦးက ပြောကြားသည်။

Mon

0-0-0-0-0



## အသက် ၇၀ အရွယ် ဝန်ကြီးချုပ်ဟောင်း နာဂျစ်ကို ထောင်ဒဏ်မှ နေအိမ်အကျယ်ချုပ်ပြောင်းလဲချမှတ်

**ကွာလာလမ်ပူ ဇွန် ၅**

အသက် ၇၀ အရွယ် မလေးရှားဝန်ကြီးချုပ်ဟောင်း နာဂျစ်ရာဇတ်ကို တရားလွှတ်တော်က ဇွန် ၅ ရက်တွင် မူလကျခံနေရသော ထောင်ဒဏ်မှ နေအိမ်အကျယ်ချုပ် ပြောင်းလဲချမှတ်ပေးလိုက်ကြောင်း စီအင်န်အေ သတင်းဌာနက ဖော်ပြသည်။

တရားလွှတ်တော်၏ ဖြေလျှော့ဆုံးဖြတ်ချက်နှင့် ပတ်သက်၍ ၎င်းဘက်က လိုက်နာလုပ်ဆောင်မည့်အချက်များကို ကျမ်းကျိန်လွှာ နှစ်စောင်ဖြင့် ပြန်လည်တင်သွင်းရန်လျှောက်ထားခဲ့ရာ တရားလွှတ်တော်က ခွင့်ပြုခဲ့သည်။

နာဂျစ်ရာဇတ်သည် ၂၀၂၂ ခုနှစ်က အဂတိမှုဖြင့် ပစ်မှုထင်ရှား စီရင်ခြင်းခံရကာ ဩဂုတ် ၂၃ ရက်တွင် ထောင်ဒဏ် ၁၂ နှစ် ကျခံခဲ့ရသည်။

ယခုနှစ် ဇန်နဝါရီလတွင် မလေးရှားဘုရင်၏ ဖြေလျှော့မှုကြောင့် ထောင်ဒဏ် ၆ နှစ်သို့ ပြစ်ဒဏ်လျှော့သွားခဲ့သည်။

ယခု နေအိမ်အကျယ်ချုပ် ပြောင်းလဲချမှတ်ခံရသဖြင့် နာဂျစ်သည် လွတ်မြောက်မည့် ၂၀၂၈ ခုနှစ်အထိ သက်သောင့်သက်သာ နေထိုင်ခွင့်ရမည်ဖြစ်ကြောင်း သိရသည်။

Mon



ကန်လောင်မီးတောင်ပေါက်ကွဲပြီး နှစ်ရက်အကြာတွင် မိုးသည်းထန်စွာသွန်းရွာသဖြင့် မီးတောင်ပြာများ ရွှံ့ဖြစ်ကာ ဖိလစ်ပိုင်အလယ်ပိုင်းရှိ ရွာတစ်ရွာ၏ လမ်းမပေါ်၌ ရွှံ့များ ဖုံးလွှမ်းသွားသည်ကို တွေ့ရစဉ်။

Mon



## အိုလံပစ်အားကစားပွဲတော်ကာလမတိုင်မီကပင် ပဲရစ်မြို့၌ အိမ်ရာမဲ့များကို အစိုးရက ရှင်းလင်းထား

**ပဲရစ် ဇွန် ၅**

၂၀၂၄ ခုနှစ် နွေရာသီတွင် ကျင်းပမည့် အိုလံပစ်အားကစားပွဲတော်ကို ပြင်သစ်နိုင်ငံပဲရစ်မြို့တော်၌ လက်ခံကျင်းပမည်ဖြစ်သည်။

ဇူလိုင် ၂၆ ရက်မှ ဩဂုတ် ၁၁ရက်အထိ ကျင်းပမည့်အဆိုပါ အိုလံပစ်အားကစားပွဲတော်အတွက် ပြင်သစ်အိုလံပစ်ကော်မတီက ဦးဆောင်ကာ ကြိုတင်ပြင်ဆင်မှုများပြုလုပ်ခဲ့ရာ ဧပြီလနှင့် မေလအတွင်းက ပြီးစီးသွားပြီ ဟုဆိုသည်။

ယင်းကဲ့သို့ ကြိုတင်ပြင်ဆင်ရာတွင် အားကစားပြိုင်ပွဲအမျိုးမျိုးလက်ခံကျင်းပမည့် အားကစားရုံ အားကစားခန်းမများ အပြည့်ပြည့် ဆိုင်ရာအားကစားသမားများအတွက် နေထိုင်စားသောက်ရေး ကိစ္စများသာမက ကူးသန်းသွားလာရေး၊ ဘေးကင်းလုံခြုံရေး စသည်တို့အတွက်လည်း အဘက်ဘက်က ပြည့်စုံအောင်စီစဉ်ခဲ့ရသည်။

ယင်းအစီအစဉ်များထဲတွင် အိုလံပစ်အားကစားပွဲတော်ကာလ မတိုင်မီကပင် ပဲရစ်မြို့၌ အိမ်ရာမဲ့များကို အစိုးရကရှင်းလင်းထားသည်ဟု မကြာသေးမီကသတင်းပေါက်ကြားခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ထိုကိစ္စနှင့်ပတ်သက်၍ ပြင်သစ်လူမှုကယ်ဆယ်ရေး လှုပ်ရှားသူများက အစိုးရကို ဝေဖန်မှုများပြုလုပ်နေကြောင်း သိရသည်။

Mon



## တရုတ်-အာဆီယံ နဂါးလှေလှော်ပြိုင်ပွဲတွင် လှေလှော်အားကစားအဖွဲ့ ၂၈ ဖွဲ့ ယှဉ်ပြိုင်

**ပေကျင်း ဇွန် ၅**

တရုတ်-အာဆီယံ နဂါးလှေလှော်ပြိုင်ပွဲကို တရုတ်နိုင်ငံတောင်တရုတ်ဒေသ ကွမ်းရှီကျောင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရနယ်မြေ ဝူကျိုးမြို့၌ ဇွန် ၁ ရက်နေ့က စတင်ကျင်းပခဲ့သည်။

အဆိုပါ တရုတ်ရိုးရာ နဂါးလှေပြိုင်ပွဲတွင် ပြည်တွင်း၊ ပြည်ပ လှေလှော်အားကစားအဖွဲ့ ၂၈ ဖွဲ့ ယှဉ်ပြိုင်နေကြသည်။

ဖိလစ်ပိုင်၊ မလေးရှား၊ အင်ဒိုနီးရှားနှင့် ထိုင်းနိုင်ငံတို့မှ လှေလှော်အားကစားအဖွဲ့များသည် ယခင်နှစ်များကလည်း ယင်းချစ်ကြည်ရေး နဂါးလှေလှော်ပြိုင်ပွဲသို့ လာရောက်ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

Mon

0-0-0-0-0

## လူမှုဖူလုံရေးဥပဒေနှင့်အညီ အလုပ်တွင်ထိခိုက်မှုကြောင့် သေဆုံးခြင်းအတွက် ကျန်ရစ်သူအား အကျိုးခံစားခွင့်ထုတ်ပေး

**မိတ္ထီလာ ဇွန် ၅**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ် ၂၀၂၂ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ အလုပ်တွင် ထိခိုက်မှုကြောင့် သေဆုံးခြင်းအတွက် ကျန်ရစ်သူအား အကျိုးခံစားခွင့်ထုတ်ပေးခြင်း အခမ်းအနားကို ဇွန် ၃ ရက် နံနက် ၉ နာရီက တပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံ အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး လူမှုဖူလုံရေးရုံးမှ တိုင်းဒေသကြီးတာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ကြည်ကြည်ထွန်းက ၂၀၂၂ခုနှစ် လူမှုဖူလုံရေးဥပဒေအကြောင်း သိကောင်းစရာများဖြစ်သည့် အာမခံအလုပ်သမားများအကြောင်း၊ မကျန်းမာမှုအတွက် ဆေးကုသမှုခံယူခွင့်၊ မကျန်းမာမှုအတွက် ငွေကြေးအကျိုးခံစားခွင့်၊ ကိုယ်ဝန်ဆောင်မှုနှင့် မီးဖွားမှုအတွက် ဆေးကုသမှု၊ ငွေကြေးခံစားခွင့်နှင့် မီးဖွားစရိတ်ခံစားခွင့်၊ အာမခံအလုပ်သမားသေဆုံးလျှင် နာရေးစရိတ်ခံစားခွင့်၊ အလုပ်တွင် ထိခိုက်မှုကြောင့် အမြဲတမ်းမသန်စွမ်းမှု ငွေကြေးအကျိုးခံစားခွင့် စသည့်အကြောင်းအရာများကို ရှင်းလင်းပြောကြားခဲ့သည်။ ယင်းနောက် ဒုတိယညွှန်ကြားရေးမှူးက မိတ္ထီလာမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံမှ လုပ်ငန်းခွင်ပြင်ပတွင် ထိခိုက်မှုကြောင့် သေဆုံးခြင်းအတွက် ကျန်ရစ်သူအား အကျိုးခံစားခွင့်ငွေကျပ် ၇၂ သိန်းကို အာမခံအလုပ်သမား မမျိုးသန္တာ၏ ဖခင် ဦးစိုးနိုင်အား ပေးအပ်ခဲ့ရာ တပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံမှ အကျိုးခံစားခွင့်ရသူကိုယ်စား ဒုတိယစက်ရုံမှူး ဒေါ်စုစုဝင်းက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။

အဆိုပါ အခမ်းအနားကို မန္တလေးတိုင်းဒေသကြီး၊ လူမှုဖူလုံရေးရုံးမှ တိုင်းဒေသကြီးတာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး၊ တပ်မတော်ချည်မျှင်နှင့်အထည် စက်ရုံမှတာဝန်ရှိသူများ၊ မိတ္ထီလာမြို့နယ် လူမှုဖူလုံရေးရုံးမှ ဦးစီးအရာရှိ ဒေါ်အိသဉ္ဇာမောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(၄၆၉)



## စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၅**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၂ ရက် နံနက်၉ နာရီခွဲတွင် သက်သေများနှင့်အတူ နောင်ချိုမြို့အဝင်၊ အိုရီယမ်တယ်တိုးဂိတ်အနီးတွင် မော်တော်ယာဉ်များအား စစ်ဆေးရှာဖွေစဉ် တင်မောင်ဆွေ မောင်းနှင်ပြီး မြင့်အောင်(ခ)အောင်ကြီး လိုက်ပါလာသည့် AD Van အမျိုးအစား မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်တွင် သိုဝှက်သယ်ဆောင်လာသော စိတ်ကြွရူးသွပ်ဆေးပြား ၆၂၀၀၀ ပြားနှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် တင်မောင်ဆွေ(၅၈)နှစ်နှင့် မြင့်အောင်(ခ)အောင်ကြီး (၅၂)နှစ်တို့အား နောင်ချိုမြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာဥပဒေအရ အမှုဖွင့် အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## ကလေးမြို့တွင် ဘိန်းဖြူများ ဖမ်းဆီးရမိ





**နေပြည်တော် ဇွန် ၅**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၃၁ ရက် ညနေ ၅နာရီက စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ ကွန်ပျူတာတက္ကသိုလ်ရှေ့၊ ကလေး-ကလေးဝသွားကားလမ်းတွင် ဝင်းအောင်ထွန်း မောင်းနှင်ပြီး တင်မောင်လှ လိုက်ပါလာသည့် MITSUBISHI FUSO ၆ ဘီး Container Box မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ ပလတ်စတစ်ဆပ်ပြာခွက် ၅၅၀၀ ခွက်ဖြင့် ထည့်လျက် ဘိန်းဖြူ ၅၅ ကီလို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ ဘိန်းဖြူများအား ရှမ်းပြည်နယ်မှ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့သို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း၊ သိမ်းဆည်းရမိ ဘိန်းဖြူများ တာဝန်ခံသယ်ဆောင်သူများဖြစ်သည့် သော့နေလွယ်(ခ)ပါးလွယ်နှင့် ဇနီးဖြစ်သူ မအေးအေးမြင့်တို့ အပါအဝင် ဝင်းအောင်ထွန်းနှင့် တင်မောင်လှတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်းနှင့် အမှုတွင် ဆက်စပ်ပါဝင်သူများ၏ ငွေကြေးအကျိုးအမြတ်များနှင့် ပိုင်ဆိုင်မှုများကို ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအရ ဆက်လက်အရေးယူသွားမည်ဖြစ်သည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

၀-၀-၀-၀-၀-၀

## တရားမဝင်သစ်မျိုးစုံနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၅**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇွန် ၂ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရွှေဘိုမြို့နယ်၊ မင်းကျောင်းကျေးရွာ၊ ရွှေဘိုတက္ကသိုလ် စစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Honda Fit မော်တော်ယာဉ်(၁)စီးကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဇွန် ၃ ရက်နှင့် ၄ ရက်တို့တွင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်၊ တောင်ငူခရိုင်နှင့် နတ္တလင်းခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ်(၀ ဒသမ ၆၁၅)တန်၊ သစ်မာ(၂ ဒသမ ၄၀၂)တန်နှင့် အခြားသစ် (၃ ဒသမ ၀၉၇)တန်ကို သစ်တောဥပဒေအရလည်းကောင်း၊ ဘုရားကြီးမြို့၊ ရွှေသံလွင်တိုးဂိတ်အနီး၌ ကျိုက်ထိုမြို့မှ ပဲခူးမြို့သို့ သွားရောက်မည့် မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ပုစွန်တစ်ကောင် စားအုန်းဆီ(၁၈)လီတာပါ (၂၂၀)ပုံးနှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Toyota Hilux (၁)စီးကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

## မော်တော်ယာဉ်ပစ္စည်းများ ခိုးယူလာသူနှစ်ဦးအား ဖမ်းဆီးရမိ

**မြစ်ကြီးနား ဇွန် ၅**

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့တွင် ဇွန် ၂ ရက်က နယ်မြေခံရဲတပ်ဖွဲ့ဝင်များ၏ လှည့်ကင်းအဖွဲ့မှ ဆိုင်ကယ်နှင့်လာသူ အမည်မသိ အမျိုးသားနှစ်ဦးအား စစ်ဆေးရာမှ မော်တော်ယာဉ် စက်ပစ္စည်းကိရိယာများအား ခိုးယူလာကြောင်း စစ်ဆေးပေါ်ပေါက်ကာ ဖမ်းဆီးရမိခဲ့ကြောင်း မြစ်ကြီးနားမြို့ နယ်မြေရဲတပ်ဖွဲ့စခန်းမှ သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၂ ရက် နံနက် ၁၁ နာရီ ၄၅ မိနစ်က မြစ်ကြီးနားမြို့ နယ်မြေရဲတပ်ဖွဲ့စခန်းမှ ဒုရဲအုပ် မင်းဆွေ ဦးဆောင်သည့် တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ နယ်မြေလှည့်ကင်းဆောင်ရွက်စဉ် မြစ်ကြီးနားမြို့၊ ရွှေအိုက်ရပ်ကွက်၊ နယ်မြေ(၅) အရောက်၌ အမည်မသိအမျိုးသားနှစ်ဦးမှ နံပါတ်မပါ CANDA-125 အမျိုးအစား အစိမ်းရောင်ဆိုင်ကယ်တစ်စီးပေါ်တွင် ဝါးခြင်းတောင်းအား တင်ဆောင်နေသည်ကို မသင်္ကာဖွယ်တွေ့ရှိရ၍ စစ်ဆေးမေးမြန်းရာ ဘိုဘိုအောင်နှင့် နေလင်းအောင် ဆိုသူတို့ဖြစ်ကြောင်း သိရှိရပြီး ၎င်းတို့တင်ဆောင်နေသည့် ဝါးခြင်းတောင်းအား စစ်ဆေးရှာဖွေရာ အဆိုပါ ဝါးခြင်းတောင်းအတွင်းမှ ကွန်ပရက်ဆာတစ်လုံး၊ ဆီစုပ်မော်တာတစ်လုံး၊ ကားဒိုင်နမို တစ်လုံး၊ ဆီဗစ်တာလေးလုံး၊ ဆီပါဝါပန့်တစ်လုံး၊ လေခွဲခေါင်းနှစ်လုံး၊ ပန်ကာအထိုင်တစ်လုံး၊ ရီတာအုံတစ်ခြမ်း၊ အမဲဆီထိုးစက်လေးလုံး တို့အား ရှာဖွေတွေ့ရှိရသဖြင့် မေးမြန်းရာ ၎င်းပစ္စည်းများအား နေအိမ်တစ်ခုအတွင်းမှ ခိုးယူလာကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

ဖြစ်စဉ်ကြောင့် ယာဉ်စက်ပစ္စည်းကိရိယာများ ခိုးယူလာသည့် ဘိုဘိုအောင်(၃၅)နှစ်နှင့် နေလင်းအောင်(၂၉)နှစ်တို့ နှစ်ဦးအား မြစ်ကြီးနားမြို့ နယ်မြေရဲတပ်ဖွဲ့စခန်းမှ အရေးယူထားကြောင်း သိရသည်။ (၄၄၄)

## စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၅**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ သက်သေများနှင့်အတူ ဇွန် ၂ ရက် ညနေ ၄ နာရီခွဲတွင် တာချီလိတ်မြို့နယ်၊ ဝေလေလန် ကျေးရွာအနီးတွင် ပေါလုဆိုသူမောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ယင်းနေ့ ညနေ ၅ နာရီက ၎င်းနေထိုင်သည့် တာချီလိတ်မြို့နယ်၊ ဟွေယုန်း(ရွာသစ်)ကျေးရွာရှိ နေအိမ်ခြံဝင်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၈၃၀၀၀ အား ထပ်မံတွေ့ရှိ သိမ်းဆည်းရမိခဲ့သဖြင့် ပေါလု(၂၃)နှစ်ဆိုသူအား ဝမ်ပုံ နယ်မြေရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့် အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(ယာပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)



# ပညာရှင်ကို ပညာရှိက ပူဇော်တဲ့ပွဲ



ရာသီကရွက်ဟောင်းတို့ကြွေ၊ ရွက်နုတို့အစားထိုးဝေချိန်ဖြစ်သည်။ ဦးပုညက ဤကာလကို "ခါတပေါင်း ရွက်ဟောင်းအကုန်ကြွေလို့ စုံခြေမှာရော်ဝါရင့်တာက ကြုံလေသနော် ပေါ်လာပွင့်တယ် ပန်းမင်းသရဖီ" ဟူ၍ ရေးစပ်သီကုံးခဲ့ပေသည်။ အဟောင်းဟောင်းတို့နေရာ အသစ်သစ်တို့က အစားထိုးဝင်ရောက်နေသည်မှာ နိယာမ သဘောပင်ဖြစ်ပါသည်။ အခုလို သမယ၏ နေ့လယ်အချိန် မင်္ဂလာရှိသော ပွဲတစ်ပွဲ "ပညာရှင်ကို ပညာရှိတို့က ပူဇော်တဲ့ပွဲ တက်ရောက်ခွင့်ကြုံ၍ ကျက်သရေတိုးလှပါသည်။ နေ့က မြန်မာသက္ကရာဇ် ၁၃၈၅ခုနှစ် တပို့တွဲလကွယ်နေ့ဖြစ်သည်။ နေရာက မန္တလေးမြို့ အရှေ့ဌာနီ ပုသိမ်ကြီးမြို့နယ်၊ ရန်ကင်းတောင်တော်ခြေရှိ ပရိယတ္တိသဒ္ဓမ္မမာမက အသင်းကြီးရှိရာသို့ဖြစ်သည်။ အသင်းတည်ရာဝင်းအတွင်း ဝင်သည်နှင့် ဧရတ်ဗိမာန်ဟု အမည်ပေးထားသည့် အဆောက်အအုံကြီးက ခန့်ညားစွာ ဆီးကြိုနေပါသည်။ ဗိမာန်အတွင်း ကုသိုလ်ယူဆောင်ရွက်နေသည့် အသင်းကော်မတီဝင်နှင့် ပုသိမ်ကြီးတိုနီအဖွဲ့တို့က သောင်းသောင်းဖြဖြကြိုဆိုကြပါသည်။

ဆောင်ရွက်နေသည့် ဥပါသကာနှင့် ဥပါသိကာတို့သည် အနာဂတ် သာသနာတော်ကြီး နှစ်ငါးထောင်မက အဓွန့်ရှည်တည်တံ့စေရန် ရည်ရွယ်ပါသည်။ သို့အတွက်ကြောင့် ဓမ္မဝိနယများ ထာဝရရှင်သန်စေရန် အမွေကောင်းကို ထိန်းသိမ်းနေကြသည်မှာ အားကျစရာဖြစ်ရပါသည်။ သာဓုခေါ်စေရာလည်း ဖြစ်ရပြန်ပါသည်။ ထိုစဉ်တာဝန်ရှိသူက ဝေငှသည့် စာအုပ်နှစ်အုပ်အား ဖွင့်ဖတ်ကြည့်သည့်အခါ၊ ရန်ကင်းတောင်တော် ပရိယတ္တိသဒ္ဓမ္မမာမကအသင်းကြီး၏ ဒွါရဒသမကြိမ်မြောက်ဘွဲ့နှင်းသဘင်အခမ်းအနား အမှုပေးစာတမ်းစာအုပ်နှင့် ငွေစာရင်းရှင်းတမ်းစာအုပ်များ ဖြစ်နေပါသည်။ စာအောင် သံဃာတော်တို့အား ပူဇော်ပွဲနှင့် ဘွဲ့အပ်နှင်းအခမ်းအနားပွဲဖြစ်သည်။ သို့ပါ၍ ပစ္စည်းလေးပါး အစုစုတို့အား ပေးအပ်ပွဲဖြစ်၍ ၃၈ဖြာသော မင်္ဂလာတရားတော်နှင့် ညီပါသည်။ ပူဇော်ထိုက်သူ ပညာရှင်တို့အား ပညာရှိတို့က ပူဇော်ခွင့်ရ၍ "ပူဇာစ ပူဇနေယျာနံ" မည်ရုံမက ပဏ္ဍိတာ နဥ္စသေဝနာ ပညာရှိ လူလိမ္မာတို့ကိုပါ မှီဝဲပေါင်းသင်းရ၍လည်း မင်္ဂလာအထူးကို ဖြစ်စေပါသည်။

ထို့ကြောင့် သဒ္ဓမ္မမာမက အသင်းကြီးမှ မျှဝေသည့် စာအုပ်၏ အဖွင့်စာမျက်နှာတွင် ဩဝါဒဆရာတော်ဖြစ်ခဲ့သည့် ဗန်းမော်ဆရာတော် ဒေါက်တာဘဒ္ဒန္တ ကုမာရာဘိဝံသဘုရားကြီး၏ ဆောင်ရွက်ချက် အကျဉ်းဖော်ပြချက်မှာ၊ အသင်း၏ဆောင်ရွက်ချက်ကို ကနဦးအစကပင် စိတ်ဝင်တစားရှိရုံမက စာသင်တန်းနှင့် ပြဋ္ဌာန်းကျမ်းစာများအား ဆွေးနွေးတိုင်ပင် ရွေးချယ်သတ်မှတ်ပြဋ္ဌာန်းပေးခဲ့ပါသည်။ အချိန်က ဤအသင်းကြီး စတင်သန္ဓေတည်စ ၂၀၀၁ ခုနှစ်ကဖြစ်ပါသည်။ ဤအသင်းကြီးသည် (၂၃)နှစ်တိုင်တိုင် ခရီးပေါက်ပြီး စာအောင်ပူဇော်ပွဲကို ဒွါရဒသမအကြိမ်အထိ ဆောင်ရွက်နိုင်ခဲ့ပါသည်။



ဤခရီးအတွင်း စာချတန်းတတိယနှစ်ဘွဲ့ရ(၂၄)ပါး၊ အလင်္ကာရဘွဲ့ ခုနစ်ပါး၊ စာချတန်းဒုနှစ်အောင် ၂၉ ပါး၊ စာချတန်းပနှစ်အောင် ၄၁ပါး၊ အဆင့်မြင့်စာချတန်းအောင် ၁၁၀ပါး၊ အခြေခံစာသင်တန်းအောင် ၄၂၀ပါး၊ အခြေစစာသင်တန်းအောင် ၁၂၀ ပါးတို့ကို အသီးသီး မွေးထုတ်ပေးနိုင်ခဲ့ပါသည်။ ယခုနှစ်တွင် အဘိဝံသဘွဲ့ရ အရှင်ရေဝတနှင့် အရှင်အရိယဝံသ နှစ်ပါးအပြင် အလင်္ကာရဘွဲ့ရ အရှင်ဉာဏိသာမိနှင့် အရှင်ပဇ္ဇိရဉာဏတို့နှင့်အတူ အခြားစာအောင် သံဃာတို့ကိုပါ ဖူးမြော်ပူဇော်ခွင့်ရ၍ ဝမ်းသာကြည်နူးမဆုံး ဖြစ်ရပါသည်။

အကယ်၍ (ဗန်းမော်)ဆရာတော်ဘုရားကြီးသာ သက်ရှိထင်ရှားရှိနေပါက (သာသနာတော်အတွက်) ဝမ်းသာမဆုံး ဂုဏ်ယူမဆုံးဖြစ်နေမည်မှာ မြေကြီးလက်ခတ်မလွဲရှိနေမည်ဖြစ်သည်။ လက်ရှိအသင်းကြီး၏ နာယက ဆရာတော်ဖြစ်သည့် ပုသိမ်ကြီးမြို့နယ်၊ ရန်ကင်းတောင်တော်ခြေ ကမ္ဘာ့ငြိမ်းချမ်းရေး တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာဘဒ္ဒန္တဇောတိကက စာသင်သားများအတွက် ၎င်းစာအုပ်တွင် ရေးသားထားသည်မှာ "စာမေးပွဲဆိုတာကိုယ့်မှာအရည်အချင်း ဘယ်လောက်ရှိသလဲဆိုတာ မှတ်ကျောက်တင်ကြည့်တာ၊ ငါအရှင်တို့ရဲ့ မူလပဓာနအလုပ်က သီလ၊ သမာဓိ၊ ပညာသိက္ခာသုံးရပ်ကို ပြည့်တင်းအောင်ဖြည့်ကျင့်ပြီး အငြိမ်းချမ်းဆုံးဖြစ်ရာ မြတ်နိဗ္ဗာန်ကို အရောက်သွားကြဖို့ပါပဲ" ဟု ရေးသားထားပေသည်။ ဆရာတော်၏ အတိုချုပ်ဩဝါဒသည်၊ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံခါနီးအချိန်ရှင်အာနန္ဒာ၊ ရဟန်းအပေါင်းနှင့် တပည့်သာဝကတို့အား မေးမြန်းချက်များမှ တတိယအချက်နှင့် ထပ်တူကျ၍ နေပါသည်။ တစ်ချက်စီ ဖော်ပြရသော် "ချစ်သော အာနန္ဒာ ငါဘုရား ပရိနိဗ္ဗာန်ပြုသဖြင့် ငါတို့မှ ဆရာမရှိပြီဟု မအောက်မေ့ရ၊ သုတ်၊ ဝိနည်း အဘိဓမ္မာဟူသော "ဓမ္မဝိနယ"ကို ငါဘုရားဟောပြီး ပညတ်ခဲ့ပြီ၊ ထိုဓမ္မဝိနယသည်ပင် ငါဘုရားကိုယ်စား သင်တို့အား ဆုံးမရစ်မည့် ဆရာဖြစ်သည်ဟု အလေးအနက် မိန့်တော်မူ၏။

ထို့နောက် ရဟန်းတို့အားလည်း ရတနာသုံးပါး၊ ဗုဒ္ဓ၊ ဓမ္မ၊ သံဃနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ မဂ်ဖိုလ်နှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ အကျင့်လမ်းစဉ်နှင့်စပ်လျဉ်း၍သော်လည်းကောင်း မေးလျှောက်ကြပါ၊ နောင်သောအခါကျမှ မမေးမလျှောက်ခဲ့ရမိလေခြင်းမရှိကြနှင့် "မမေးမလျှောက်ဘဲ မရှိကြကုန်လင့်"ဟု တိတိလင်းလင်းပင် ဖိတ်တော်မူလေသည်။ မည်သူတစ်ဦးတစ်ယောက်မျှ မရှိချေ၊ ဆိတ်ဆိတ်သာ နေကြလေ၏၊ ထို့ကြောင့် မြတ်စွာဘုရား၏ တရားတော်သည် ဤမျှနိုင်မာကြောင်း နောက်ဆုံးအတည်ပြု ပေးတော်မူလိုက်သကဲ့သို့ ဖြစ်တော့သည်။ ၎င်းနောက်မြတ်စွာဘုရားသည် ခေတ္တမျှ အားယူဆိုင်းငံ့လျက် နောက်ဆုံးဩဝါဒကို မိန့်တော်မူလေသည်။ "ဟန္ဒဒါနိ ဘိက္ခဝေ အာမန္တယာမိဝေါ၊ ဝယဓမ္မာ သင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ" ချစ်သားတို့ သင်တို့အား နောက်ဆုံးစကားမှာကြားအံ့ ဖြစ်ပေါ်သမျှ အရာအားလုံးတို့သည် ပျက်စီးရသည် ချည်းသာတည်း၊ မြဲမြံသောသတိဖြင့် သီလ၊ သမာဓိ၊ ပညာတရားတို့ကို ပြည့်စုံတိုးပွားအောင် ကြိုးစားအားထုတ်ကြကုန်လော့"ဟု မိန့်တော်မူပေသည်။

ယနေ့အခါ ဤအသင်းကြီးသည် မြတ်စွာဘုရားမရှိသည့်နောက် ဟောကြားခဲ့သည့် ဓမ္မဝိနယတို့သည် ဆရာအဖြစ် ကျန်ခဲ့၍ ဆက်လက်တည်တံ့အဓွန့်ရှည်စွာ တည်နေစေရန်နှင့် လူလိမ္မာများ၊ တရားဖက်၍ အမျက်ပြေစေသကဲ့သို့ သံဃာဖက်၍ ရမက်ပြေစေရန် ဘွဲ့ရ၊ စာပေကျမ်းဂန်တတ် သံဃာတော်များအား နှစ်စဉ်မွေးထုတ်ပေးနေသည်မှာ လက်ရှိသာသနာတော်အတွက် ထူးကဲမွန်မြတ်လှပါပေသည်။ ပညာရှိလူလိမ္မာတို့ကလည်း ပညာရှင်တို့အား ချဉ်းကပ်ဖူးမြော်ပူဇော်ခွင့်ရကြ၍ ကုသိုလ်အထူးကို ရရှိစေပါသည်။ မကြာမီ ဘွဲ့နှင်းသဘင်အခမ်းအနားစသဖြင့် မန္တလေးတိုင်းသံဃနာယက ဘဒ္ဒန္တတိက္ခိန္ဒြိယာဘိဝံသ ဆရာတော်ထံမှ ငါးပါးသီလတရားအား ခံယူဆောက်တည်ကြပါသည်။ ဆရာတော်၏ သီလဘာဝနာတရားပွဲအမည်က စာရေးသူ ဖော်ပြထားသည့် "ပညာရှင်ကို ပညာရှိက ပူဇော်ပွဲ"သာဖြစ်ပါသည်။ ဆရာတော်၏ သီလပွဲကာ လိုတိုရှင်းမျှသာဖြစ်ပြီး၊ ပညာရှင်တို့အတွက် လူလိမ္မာသာရှိဖို့လိုပြီး၊ "သီလ သမာဓိ"ကို ပညာနှင့်တူသည့်ချွန်းဖြင့်သာ အုပ်မိုးရန်သာဖြစ်ကြောင်း မီးမောင်းထိုးပြခြင်း ဖြစ်ပါသည်။ ၎င်းနောက် ဘွဲ့ရသာမဏေကျော်တို့၏ ထေရုပ္ပတ္တိအကျဉ်းများအား တစ်ပါးချင်းစီ ဖတ်ကြား၍ ဆုပေးပွဲကို စတင်ခဲ့ပါသည်။

၎င်းနောက် နာယကဆရာတော် ဘဒ္ဒန္တဇောတိကထံမှ ရေစက်ချတရားအား နာကြား၍ အသင်းကြီး အောင်မြင်စေရန်၊ ချီးမြှောက်ကြသည့် အလှူရှင်တို့က သာဓု(သုံး)ကြိမ်ခေါ်ဆို၍ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု ရွတ်ဆိုပိတ်သိမ်းပါသည်။ သို့ပါ၍ ရန်ကင်းတောင်တော် ပရိယတ္တိသဒ္ဓမ္မမာမက အသင်းကြီး၏ (၁၃)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကြီးသည် "ဆရာဒကာ ရေနှင့်ကြာ"ဆိုသကဲ့သို့ အောင်မြင်စွာ ပြီးစီးခဲ့ပါသည်။ အသင်းကြီး၏ စည်းလုံးမှု၊ အပြန်အလှန်လေးစားမှုနားလည်မှုသည်လည်း လူလိမ္မာတို့အတွက် တန်ဖိုးအနဂ္ဃကြီးမြတ်လှပေသည်။ ထို့ကြောင့် ပရိယတ္တိသဒ္ဓမ္မမာမက အသင်းကြီး သာသနာတော်အတွက် ထာဝရ ရပ်တည်နိုင်ပါစေဟု အကျိုးမျှော်၍ ရေးသားပူဇော်လိုက်ရပါသည်။

"သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ = သာသနာပြုလုပ်ငန်းသည် အကြီးဆုံး ကုသိုလ်မည်၏"

**ကိုးကား – အခြေခံဗုဒ္ဓဘာသာတရားတော်**

**အိုးဝေ(မြေနီကျင်း)**

## လူမှုဖူလုံရေး အကျိုးခံစားခွင့်အတွက် ငွေလုံးငွေရင်း ပေးအပ်

**မန္တလေး ဇွန် ၅**

လူမှုဖူလုံရေးအကျိုးခံစားခွင့်များကို ယနေ့မွန်းလွဲပိုင်းက မဟာအောင်မြေမြို့နယ်၊ လူမှုဖူလုံရေးရုံးတွင် အကျိုးခံစားခွင့်ရှိသူများအား ငွေကျပ် သိန်း ၂၃၀ ကျော် ထုတ်ပေးခဲ့သည်။

ချမ်းအေးသာစံမြို့နယ်၊ လူမှုဖူလုံရေးရုံးတွင် အကျိုးဝင်မှတ်ပုံတင်ထားသည့် ချမ်းအေးသာစံမြို့နယ်၊ လျှပ်စစ်မန်နေဂျာရုံးမှ အာမခံအလုပ်သမား ဦးသူရမျိုးဇော်ထွန်းသည် လုပ်ငန်းတာဝန်ထမ်းဆောင်စဉ် ဓာတ်လိုက်သေဆုံးမှုဖြစ်ပွားခဲ့တာကြောင့် ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပုဒ်မ ၂၆(က)(၁)နှင့် နည်းဥပဒေတို့အရ အလုပ်တွင် ထိခိုက်မှုကြောင့် သေဆုံးသူအတွက် ကျန်ရစ်သူ အကျိုးခံစားခွင့် ငွေကျပ် ၄၈၆၀၀၀၀ အား ဇွန် ၄ ရက် မွန်းလွဲပိုင်း ၁ နာရီတွင် မဟာအောင်မြေခရိုင်၊ လူမှုဖူလုံရေးရုံး၌ တိုင်းဒေသကြီးတာဝန်ခံအရာရှိ ဒေါ်ကြည်ကြည်ထွန်းမှ တာဝန်ရှိသူများနှင့်အတူ မြို့နယ်လျှပ်စစ်ရုံးမှ တာဝန်ရှိသူများ၏ ရှေ့မှောက်တွင် ဦးသူရမျိုးဇော်ထွန်း၏ ဇနီးဖြစ်သူ ဒေါ်စန်းစန်းအေးထံသို့ ပေးအပ်ခဲ့သည်။

ထို့ပြင် လူမှုဖူလုံရေး အကျိုးခံစားခွင့်ရရှိသူများအား ဆက်လက်ထုတ်ပေးလျက်ရှိရာ ချမ်းအေးသာစံမြို့နယ်၊ လူမှုဖူလုံရေးရုံးမှ အာမခံအလုပ်သမား ၅၁ ဦး၏ အကျိုးခံစားခွင့်ငွေကျပ် ၂၃၆၀၇၉၃ ကို ယနေ့တွင် မြို့နယ်လူမှုဖူလုံရေးရုံး၌ ထုတ်ပေးခဲ့ကြောင်း သိရသည်။**(ယာပုံ)(မန္တလေးနေ့စဉ်–၆)**



# နိုင်ငံတကာ အားကစား သတင်းများ

## 2024 French Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ Jannik Sinner တက်ရောက်

**ပဲရစ် ဇွန် ၅**

ပြင်သစ်နိုင်ငံ၊ ပဲရစ်မြို့တွင် ကျင်းပပြုလုပ်လျက်ရှိသော နာမည်ကျော် အမျိုးသားတင်းနစ် ပြိုင်ပွဲဖြစ်သည့် 2024 French Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ် အဆင့်သို့ အီတလီတင်းနစ်ကစားသမား Jannik Sinner တက်ရောက်ခဲ့သည်။

အဆိုပါ အီတလီတင်းနစ်ကစားသမား Jannik Sinner သည် 2024 French Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် ဘူလ်ဂေးရီးယားတင်းနစ်ကစားသမား Grigor Dimitrov အား ၆-၂၊ ၆-၄၊ ၇-၆ ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ် အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2024 French Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် အီတလီတင်းနစ်ကစားသမား Jannik Sinner နှင့် စပိန်တင်းနစ်ကစားသမား Carlos Alcaraz တို့ ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။

**(အောက်ပုံ)**

**(NGB)**






## ပေါ်တူဂီအသင်းက ဖင်လန်အသင်းအား လေးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိ

**လန်ဒန် ဇွန် ၅**

နိုင်ငံတကာ ဘောလုံးခြေစမ်း ပွဲစဉ်များအဖြစ် ယနေ့ နံနက်ပိုင်းက ပေါ်တူဂီအသင်းနှင့် ဖင်လန် အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပေါ်တူဂီအသင်းက ဖင်လန်အသင်းအား လေးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ပေါ်တူဂီအသင်းအတွက် သွင်းဂိုးလေးဂိုးကို ပွဲချိန် ၁၇ မိနစ်တွင် ဒီယက်စ်၊ ပွဲချိန် ၄၉ မိနစ်တွင် ဂျိုတာ၊ ပွဲချိန် ၅၆မိနစ် နှင့် ၈၄မိနစ်တွင် ဘရူနို၊ ဖာနန်ဒက်ဇ်တို့က အသီးသီး သွင်းယူပေးခဲ့သည်။

ပေါ်တူဂီအသင်းသည် နိုင်ငံတကာခြေစမ်းပွဲစဉ်အဖြစ် လာမည့် ဇွန် ၈ရက်တွင် ခရိုအေးရှားအသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။ **(အပေါ်ပုံ)**

**(NGB)**

## လင်ဒန်ဒိုက်စ် ဒဏ်ရာကြောင့် စကော့တလန်လက်ရွေးစင်အသင်းလူစာရင်းမှ နုတ်ထွက်

**လန်ဒန် ဇွန် ၅**

ကျူပီအာအသင်းတိုက်စစ်မှူး လင်ဒန်ဒိုက်စ် ခြေထောက်ဒဏ်ရာကြောင့် စကော့တလန်လက်ရွေးစင်အသင်း လူစာရင်းမှ နုတ်ထွက်ခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် စကော့တလန်လက်ရွေးစင်အသင်း၏ လေ့ကျင့်ရေးအစီအစဉ်တွင် ပါဝင်ကစားရင်း ဒဏ်ရာရရှိခဲ့ခြင်း ဖြစ်သည်။

လင်ဒန်ဒိုက်စ် ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် ယူရို ၂၀၂၄ ခြေစစ်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရမည့် စကော့တလန် လက်ရွေးစင်အသင်းအတွက်လည်း ထိုးနှက်ချက်တစ်ရပ် ဖြစ်လာခဲ့သည်။

အသက်(၂၈)နှစ်အရွယ်ရှိ တိုက်စစ်မှူး လန်ဒန်ဒိုက်စ်သည် စကော့တလန်လက်ရွေးစင်အသင်းနှင့်အတူ ၂၀၂၄ခုနှစ်အတွင်း ပြိုင်ပွဲကိုးပွဲကစားကာ တစ်ဂိုးသွင်းယူပြီး နှစ်ဂိုးဖန်တီးကာ ခြေစွမ်းပြထားသည်။ **(အောက်ပုံ) (NGB)**



## ဒေါက်ဂလပ်လူးဝစ်အား ခေါ်ယူရန် ဂျူဗင်တပ်အသင်း သဘောတူညီမှု ရရှိ

**တူရင် ဇွန် ၅**

ဂျူဗင်တပ်အသင်းသည် အက်စတွန်ဗီလာအသင်း ကွင်းလယ်ကစားသမား ဒေါက်ဂလပ်လူးဝစ်အား ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ကြောင်း သတင်းများက ဖော်ပြခဲ့သည်။



ဒေါက်ဂလပ်လူးဝစ်သည် ဂျူဗင်တပ်အသင်းနှင့် နှစ်ရှည်စာချုပ်တစ်ရပ် ချုပ်ဆိုသွားမည် ဖြစ်ကြောင်းလည်း သတင်းများက ဖော်ပြနေသည်။

ကွင်းလယ်ကစားသမား ဒေါက်ဂလပ်လူးဝစ်သည် အက်စတွန်ဗီလာအသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီတွင် ပရီးမီးယားလိဂ်ပွဲစဉ် ၃၅ပွဲကစားပြီး ကိုးဂိုး သွင်းယူကာ ငါးဂိုး ဖန်တီးထားသည်။

ထို့ကြောင့် ကွင်းလယ်ကစားသမားဒေါက်ဂလပ်လူးဝစ်အနေဖြင့် လာမည့် ဘောလုံးရာသီတွင် ဂျူဗင်တပ်အသင်းကစားသမားအဖြစ် မြင်တွေ့ရမည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည် ဖြစ်သည်။(ဝဲပုံ) **(NGB)**

## ဘရူနိုဖာနန်ဒက်စ်အား လုပ်ခလစာတိုးမြှင့်၍ စာချုပ်သက်တမ်းတိုးရန် မန်ချက်စတာယူနိုက်တက်အသင်း စီစဉ်

**မန်ချက်စတာ ဇွန် ၅**

မန်ချက်စတာယူနိုက်တက် အသင်းသည် အသင်းအမိက ကွင်းလယ်ကစားသမား ဘရူနိုဖာနန်ဒက်စ်အား လုပ်ခလစာတိုးမြှင့်၍ စာချုပ်သက်တမ်းတိုးရန် စီစဉ်လျက်ရှိသည်။

အသက်(၂၉)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားကို လက်ရှိအချိန်တွင် ဘိုယန်မြူးနစ်အသင်း၊ ဥရောပကလပ်အသင်းများစွာအပါအဝင် ဆော်ဒီကလပ်အသင်းများစွာကလည်း ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိနေသည်။




ကွင်းလယ်ကစားသမား ဘရူနိုဖာနန်ဒက်စ်သည် မန်ချက်စတာယူနိုက်တက်အသင်းနှင့်အတူ ၂၀၁၉-၂၀၂၀မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၃၃ ပွဲကစားပြီး ၇၉ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

မန်ချက်စတာယူနိုက်တက် အသင်းထုတ်ပြန်ချက်တွင် "ဘရူနိုဖာနန်ဒက်စ်အား လုပ်ခလစာ တိုးမြှင့်ပြီး စာချုပ်သက်တမ်းတိုး သွားမှာပါ။ သူဟာအသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ။ သူကိုယ်တိုင်ကလည်း အသင်းမှာ ပျော်ရွှင်နေပါတယ်"ဟု ထုတ်ပြန်သည်။ **(ဝဲပုံ) (NGB)**

## ဂျိုနသန်တက်စ်အား ခေါ်ယူရန် ချဲလ်ဆီးအသင်း စီစဉ်

**လန်ဒန် ဇွန် ၅**

ချဲလ်ဆီးအသင်းသည် ဘိုင်ယန်လေဗာကူဆင်အသင်း နောက်ခံကစားသမား ဂျိုနသန်တက်စ်အား ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၈)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် လေဗာကူဆင်အသင်းနှင့်အတူ ၂၀၁၅-၂၀၁၆မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၅၃ပွဲ ကစားပြီး ၁၄ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ချဲလ်ဆီးအသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။




လေဗာကူဆင်အသင်းကလည်း ဂျိုနသန်တက်စ်အတွက် သင့်တင့်သည့် ပြောင်းရွှေ့ဈေးနှုန်း ရရှိပါက ရောင်းချသွားဖွယ်ရှိနေသည်။

ထို့ကြောင့် ချဲလ်ဆီးအသင်းအနေဖြင့် လာမည့် နွေရာသီဈေးကွက်အတွင်းတွင် လေဗာကူဆင်အသင်းထံမှ ဂျိုနသန်တက်စ်အား ရရှိအောင်ခေါ်ယူနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ **(ဝဲပုံ) (NGB)**

### နိုင်ငံတကာ ဘောလုံးခြေစမ်းပွဲစဉ်များ — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၆-၆-၂၀၂၄ ကြာသပတေးနေ့ | ည၁၀း၃၀နာရီ | ဂျီဘရော်လ်တာ - ဝေးလ်စ် |
| ၇-၆-၂၀၂၄ သောကြာနေ့ | နံနက်၀၁း၁၅နာရီ | နယ်သာလန် - ကနေဒါ |

### ကမ္ဘာ့ဖလား ၂၀၂၆ ဘောလုံးပြိုင်ပွဲ(အာရှဇုန်ခြေစစ်ပွဲ) ဒုတိယအဆင့်ပွဲစဉ်များ — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | အုပ်စု | ပွဲစဉ် | ပ-ကျော့ရလဒ် |
|---|---|---|---|---|
| ၆-၆-၂၀၂၄ ကြာသပတေးနေ့ | မွန်းလွဲ ၃း၃၀နာရီ | F | အင်ဒိုနီးရှား - အီရတ် | အီရတ် ၅-၁ အင်ဒိုနီးရှား |
| ။ | ညနေ ၅း၁၅နာရီ | I | ဘင်္ဂလားဒေ့ရှ် - သြစတြေးလျ | သြစတြေးလျ ၇-၀ ဘင်္ဂလားဒေ့ရှ် |
| ။ | ညနေ ၅း၃၀နာရီ | D | တရုတ်တိုင်ပေ - အိုမန် | အိုမန် ၃-၀ တရုတ်တိုင်ပေ |
| ။ | ညနေ ၆း၃၀နာရီ | C | တရုတ် - ထိုင်း | ထိုင်း ၁-၂ တရုတ် |
| ။ | ။ | C | စင်ကာပူ - တောင်ကိုရီးယား | တောင်ကိုရီးယား ၅-၀ စင်ကာပူ |
| ။ | ။ | E | ဟောင်ကောင် - အီရန် | အီရန် ၄-၀ ဟောင်ကောင် |
| ။ | ။ | F | ဗီယက်နမ် - ဖိလစ်ပိုင် | ဖိလစ်ပိုင် ၀-၂ ဗီယက်နမ် |
| ။ | ညနေ ၆း၄၀နာရီ | B | မြန်မာ - ဂျပန် | ဂျပန် ၅-၀ မြန်မာ |
| ။ | ည ၇း၃၀နာရီ | B | မြောက်ကိုရီးယား - ဆီးရီးယား | ဆီးရီးယား ၁-၀ မြောက်ကိုရီးယား |
| ။ | ည ၈း၀၀နာရီ | A | အိန္ဒိယ - ကူဝိတ် | ကူဝိတ် ၀-၁ အိန္ဒိယ |
| ။ | ည ၉း၀၀နာရီ | E | ဥဇဘက်ကစ္စတန် - တာမင်နစ္စတန် | တာမင်နစ္စတန် ၁-၃ ဥဇဘက်ကစ္စတန် |
| ။ | ည ၉း၃၀နာရီ | D | ကာဂျစ္စတန် - မလေးရှား | မလေးရှား ၄-၃ ကာဂျစ္စတန် |
| ။ | ည ၁၀း၀၀နာရီ | G | ပါကစ္စတန် - ဆော်ဒီအာရေဗျ | ဆော်ဒီအာရေဗျ ၄-၀ ပါကစ္စတန် |
| ။ | ည ၁၀း၃၀နာရီ | A | အာဖဂန်နစ္စတန် - ကာတာ | ကာတာ ၈-၁ အာဖဂန်နစ္စတန် |
| ။ | ။ | H | နီပေါ - ယူအေအီး | ယူအေအီး ၄-၀ နီပေါ |
| ။ | ။ | I | ပါလက်စတိုင်း - လက်ဘနွန် | လက်ဘနွန် ၀-၀ ပါလက်စတိုင်း |
| ၇-၆-၂၀၂၄ သောကြာနေ့ | နံနက် ၀၀း၀၀နာရီ | G | ဂျော်ဒန် - တာဂျစ်ကစ္စတန် | တာဂျစ်ကစ္စတန် ၁-၁ ဂျော်ဒန် |
| ။ | ။ | H | ဘာရိန်း - ယီမင် | ယီမင် ၀-၂ ဘာရိန်း |

# ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ

**မတ္တရာ ဇွန် ၅**

မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်တွင် ၂၀၂၄-ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေး နေ့အထိမ်းအမှတ် အခမ်းအနားကို ဇွန် ၅ ရက် နံနက် ၉ နာရီခွဲက အ.ထ.က(မတ္တရာ) အောင်ဆန်း ခန်းမတွင် ကျင်းပခဲ့သည်။




ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌကိုယ်စား အဖွဲ့ဝင် (၁) ဗိုလ်မှူးသန်းဝင်းအောင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီး ဌာန ဦးစီးအရာရှိ ဦးလှိုင်ဝင်းသန်းမှ "သဲကန္တာရတိုက်ဖျက်ရေးနှင့် မိုးခေါင်ရေရှားဒဏ်ခံနိုင်ရေး မြေယာပြန်လည်ပြုပြင်ပေး" ခေါင်းစဉ်ဖြင့် အသိပညာပေး ဟောပြောခဲ့သည်။ ထို့နောက် တက်ရောက်လာကြသူများအား ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့အကြောင်း အသိပညာပေး Video Clip များကို ပြသခဲ့သည်။ ဆက်လက်၍ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေး နေ့အထိမ်းအမှတ် အထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲများနှင့် မူလတန်းအဆင့် ဆေးရောင်ခြယ်ပြိုင်ပွဲတွင် ဆုရှိသူများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများမှ ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

အဆိုပါ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ ကျောင်းအုပ်ကြီးများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်းနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဝန်ထမ်းများမှ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ ဆောင်ပုဒ်သတ်မှတ်ခြင်း၊ သဲကန္တာရဖြစ်ထွန်းလာမှု အကြောင်းအရင်းများ၊ ဝိသေသလက္ခဏာများ၊ မြေယာပြန်လည်ပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများနှင့် မြေဆွေးပြုလုပ်ပုံ နည်းစနစ်များ ပါဝင်သော အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၄၆၂)



# မြဲဧယျာကုသိုလ်ဖြစ်ဆေးခန်း၌ လူနာများအား အခမဲ့ ဆေးကုသမှု ဆောင်ရွက်လျက်ရှိ

**မန္တလေး ဇွန် ၅**

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာယာရပ်ကွက်၊ မဟာဝိဇိတာရာမတိုက် စစ်ကိုင်းပရိယတ္တိကျောင်း၌ တောင်သာတိုက်သစ်၊ ချမ်းမြေ့အေးကျောင်းဆရာတော် ဘဒ္ဒန္တ ပဏ္ဍိစ္စ၊ ခေမာရာမ ညောင်ရမ်းကျောင်းဆရာတော် ဘဒ္ဒန္တ ခေမာစာရနှင့် စစ်ကိုင်းပရိယတ္တိကျောင်းဆရာတော် ဘဒ္ဒန္တ သောဘိတ(ဝိနယဝိဒူ အင်္ဂုတ္တရနိကာယဝိဒူ)တို့ ဦးစီးဖွင့်လှစ်ထားသော မြဲဧယျာကုသိုလ်ဖြစ်ဆေးခန်းအား တစ်ပတ်လျှင် စနေနေ့ တစ်ရက် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ဖွင့်လှစ်ပြီး လူနာများအား အခမဲ့ ဆေးကုသမှုပေးလျက်ရှိသည်။

အဆိုပါ မြဲဧယျာကုသိုလ်ဖြစ်ဆေးခန်း ဖွင့်လှစ်သည့်ရက်တွင် လူနာဦးရေ ၂၀၀ နီးပါး လာရောက်ကုသမှုခံယူနေကြကြောင်းနှင့် ဆရာတော်၊ သံဃာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များ လာရောက်ဆေးကုသမှု ခံယူလျက်ရှိကြောင်း ဦးဆောင်ဆရာတော် ဘဒ္ဒန္တ သောဘိတက မိန့်ကြားသည်။

မြဲဧယျာကုသိုလ်ဖြစ်ဆေးခန်းတွင် အထွေထွေရောဂါကုဆရာဝန်နှစ်ဦးနှင့် ဆေးပေးအကူသူနာပြုဆရာမ ရှစ်ဦးတို့ဖြင့် ဆေးခန်းသို့ လာရောက်ပြသကြသော လူနာရှင်အပေါင်းတို့အား ဆေးကုသမှုဆောင်ရွက်ပေးလျက်ရှိပြီး အဆိုပါ ဆေးခန်းသို့ ဆေးနှင့်ဆေးဝါးပစ္စည်းများ၊ အလှူငွေများ လှူဒါန်းလိုပါက ဆရာတော် ဘဒ္ဒန္တ ပဏ္ဍိစ္စ ဖုန်း ၀၉-၂၀၂၃ ၄၂၇၊ ဆရာတော် ဘဒ္ဒန္တ ခေမာစာရ ဖုန်း ၀၉-၄၀၂၅၇၉၉၀၀ နှင့် ဆရာတော် ဘဒ္ဒန္တ သောဘိတ ဖုန်း ၀၉-၂၀၅၃၀၁၂ တို့ထံ ဆက်သွယ်လှူဒါန်းမှုပြုနိုင်ကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၅၃)

# နမ့်ပျဉ်ကျေးရွာတွင် ဘက်စုံသုံးခန်းမ တည်ဆောက်နေမှုကို ကွင်းဆင်းစစ်ဆေး

**ကျောက်မဲ ဇွန် ၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျောက်မဲမြို့နယ်၊ ပန်လော့ကျေးရွာအုပ်စု၊ နမ့်ပျဉ်ကျေးရွာ၌ ကျေးရွာ ဘက်စုံသုံးခန်းမ တည်ဆောက်နေမှုကို တာဝန်ရှိသူများက ယနေ့ နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးခဲ့သည်။ (ယာပုံ)

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျောက်မဲခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းဖြူဖြူအောင်နှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းအတိုးရငွေကျပ် ၂၅ သန်းဖြင့် ဆောင်ရွက်သည့် ပန်လော့ကျေးရွာအုပ်စု၊ နမ့်ပျဉ်ကျေးရွာတွင် ကျေးရွာဘက်စုံသုံးခန်းမဆောက်လုပ်နေမှုကို စစ်ဆေးကြပြီး လက်ထောက်ညွှန်ကြားရေးမှူးက သတ်မှတ်စံချိန်စံညွှန်းပြည့်မီစွာဖြင့် အချိန်မီပြီးစီးအောင် ဆောင်ရွက်နိုင်ရေး ကျေးရွာမှ တာဝန်ရှိသူများကို မှာကြားကာ လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ကျောက်မဲခရိုင်၊ ကျောက်မဲမြို့နယ်၊ ပန်လော့ကျေးရွာအုပ်စု၊ မန်ပျဉ်ကျေးရွာတွင် ကျေးရွာဘက်စုံသုံးခန်းမ အလျား ၄၈ ပေ၊ အနံ ၂၄ ပေ၊ အမြင့် ၁၂ ပေ တည်ဆောက်ခြင်း လုပ်ငန်းများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှု၊ ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဧပြီ ၁၀ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၄၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း၊ ရာနှုန်းပြည့်ပြီးစီးပါက ကျေးရွာမှ အိမ်ထောင်စု ၁၂၅ စု၊ လူဦးရေ ၄၆၉ ဦးတို့၏ လူမှုရေးဆိုင်ရာ အခမ်းအနားများ ဆောင်ရွက်ရာတွင်အဆင်ပြေစွာဖြင့် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ကျောက်မဲခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။**ကျော်ဇောဦး(မောရှမ်းမြေ)**



သစ်တောသစ်ပင်
ချစ်ခင်တဲ့လူမျိုး
သစ်ပင်ကို
နှစ်စဉ်စိုက်
ရှေ့တိုက်ကိုစိုး ။

# အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ပြည်သူများထံသို့ တိုက်ရိုက်ရောင်းချပေးလျက်ရှိ

**မန္တလေး ဇွန် ၅**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့်ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ကုန်ဈေးနှုန်းတည်ငြိမ်ရေးအတွက် ပြည်သူများထံသို့ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် တိုက်ရိုက်ရောင်းချမှု အစီအစဉ်ကို နေ့စဉ် နံနက် ၆ နာရီခွဲမှ စတင်ကာ အမရပူရမြို့နယ်၊ ဆင်စွယ်ပွတ်ရပ်ကွက်၊ ကြေးလက်ဆက်ဘုရားဝင်း၊ တရုတ်တန်းလမ်းနှင့် မောင်းတန်းလမ်းဆုံတွင် ရောင်းချပေးခဲ့သည်။

ပြည်သူများထံသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ပြီး အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးဆောင်ရွက်ပေးလျက်ရှိသည်။

အခြေခံစားသောက်ကုန် သက်သာအရောင်းဆိုင် ဖွင့်လှစ်ရောင်းချပေးမည့် အစီအစဉ်များကို ဇွန် ၆ ရက်တွင် အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ အကွက်(၄၁၈)၊ အုတ်စက်ရွာလယ်မွှောရုံရှေ့၊ ၆၂လမ်း၊ ၁၄လမ်းအရှေ့ဘက်၊ နဒီမြောင်းအနီးတွင်လည်းကောင်း နေ့စဉ် နံနက် ၆ နာရီခွဲမှစ၍ ရောင်းချပေးမည်ဖြစ်ပြီး ဇွန် ၇ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီရုံးကြီး၊ ၂၆လမ်းနှင့်၂၇လမ်းကြား၊ ၇၁ လမ်းနှင့် ၇၂ လမ်းကြားတွင် မွန်းလွဲ ၂ နာရီမှ စတင်ကာ ရောင်းချပေးသွားမည်ဖြစ်သည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင်ဈေးများနှင့် စားအုန်းဆီအသင်းမှ ဖြန့်ဖြူး ရောင်းချပေးသော အဆိုပြု ဆီဆိုင်များတွင် စားအုန်းဆီများကို နံနက် ၈ နာရီမှစတင်ကာ နေ့စဉ် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-၆)

၀-၀-၀-၀-၀-၀





## အသား၊ ငါးများ သတ်မှတ်ဈေးနှုန်းများဖြင့် ရောင်းချခြင်း ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးဆောင်ရွက်

**မင်းဘူး ဇွန် ၅**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူး(စကု)မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဒေသခံပြည်သူများ အသား၊ ငါး ဝယ်ယူစားသုံးမှု အဆင်ပြေစေရန် ရည်ရွယ်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ နယ်နိမိတ်အတွင်း (ဝက်၊ အမဲ၊ ဆိတ်)လိုင်စင်စီများမှာ အသား၊ ငါးများ ရောင်းချရာ၌ ဈေးနှုန်းမြင့်တင်ရောင်းချမှု မရှိစေရေးအတွက် နေ့စဉ်ကြပ်မတ်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ထံမှ သိရသည်။

ထိုသို့ ဒေသခံပြည်သူလူထု စားသောက်ရေးအဆင်ပြေစေရန်နှင့် သား၊ ငါးများ ဝယ်ယူစားသုံးရာ၌ သက်သာသောဈေးနှုန်းဖြင့် တစ်ပြေးညီဝယ်ယူစားသုံးနိုင်ရေးအတွက် မြို့နယ်စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ မြို့မဈေးကြီးအပါအဝင် စကုဈေးများတွင်လည်း ဖွင့်လှစ်ရောင်းချနေသည့် အသား၊ ငါး ဈေးဆိုင်ခန်းများတွင် ဈေးနှုန်းသတ်မှတ်ချက်များ ပါဝင်သည့် ဗီနိုင်းဆိုင်းဘုတ်များချိတ်ဆွဲ၍ ပြသခြင်း၊ Hand Speaker များဖြင့် လှည့်လည်ကြေညာပေးကာ စနစ်တကျရောင်းချစေခဲ့သည်။ ယမန်နေ့နံနက်ပိုင်းက မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းနိုင်၏ ကြီးကြပ်မှုဖြင့် ဝန်ထမ်းများက ဈေးကော်မတီဝင်များနှင့်အတူ မြို့နယ်စည်ပင်သာယာဈေး နှစ်ခုတို့အား ကွင်းဆင်းသွားရောက်ပြီး (ဝက်၊ အမဲ၊ ဆိတ်)လိုင်စင်စီများမှ သား၊ ငါးများရောင်းချရာ၌ ဈေးနှုန်းမြင့်တင် ရောင်းချမှု ရှိ၊ မရှိ၊ အရိုး၊ အသား၊ အဆီ၊ အရွတ်များ ရောနှော၍ ရောင်းချခြင်း ရှိ၊ မရှိနှင့် အလေးချိန်ခွင် မှန်ကန်မှု ရှိ၊ မရှိ တို့ကို ကြပ်မတ်စစ်ဆေးဆောင်ရွက်ခဲ့ကြသည်။

ထို့နောက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ပူးပေါင်းအဖွဲ့က စည်ပင်သာယာဈေးများအလိုက် (ဝက်၊ အမဲ၊ ဆိတ်)ရောင်းချနေသူများနှင့် ဈေးသူ၊ ဈေးသားများကို စားသုံးသူပြည်သူလူထု အစားအစာဘေးကင်းလုံခြုံရေးအတွက် ရောင်းချနေသည့် သား၊ ငါးများနှင့် ဟင်းသီးဟင်းရွက်များ သန့်ရှင်းလတ်ဆတ်မှုရှိစေရေး၊ ဈေးဆိုင်ခန်းဝန်းကျင် သန့်ရှင်းသပ်ရပ်မှုရှိရေး၊ နေ့စဉ်ဈေးရောင်းပြီးချိန်တိုင်း သန့်ရှင်းရေးမပြတ် ဆောင်ရွက်ကြရန်နှင့် သတ်မှတ်ထားရှိသည့် ဈေးစည်းကမ်းများကို အလေးထားလိုက်နာဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၅၀၄)

## ဝါသီးနှံတိုးချဲ့စိုက်ပျိုးရေး ၊ ဝါကောက်သိမ်းရာတွင် Grade ခွဲခြားကောက်ယူရေးလုပ်ငန်းစဉ်များအား တောင်သူများ၊ လုပ်ငန်းရှင်များ၊ သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေး



**မိတ္ထီလာ ဇွန် ၅**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်တွင် ဝါသီးနှံတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ ဝါကောက်သိမ်းရာတွင် Grade ခွဲခြားကောက်ယူရေးလုပ်ငန်းစဉ်များအား လုပ်ငန်းရှင်များ၊ တောင်သူများ၊ သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးပွဲကို ယမန်နေ့နံနက်က ခရိုင်စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

တွေ့ဆုံဆွေးနွေးပွဲတွင် မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းထိန်က ဝါစိုက်ပျိုးထုတ်လုပ်မှုတွင် မိတ္ထီလာခရိုင်သည် အခြားခရိုင်များထက် အထွက်နှုန်း နည်းပါးခြင်း၊ အရည်အသွေးပိုင်းဆိုင်ရာ အားနည်းလာခြင်းတို့ကြောင့် သတ်မှတ်အရည်အသွေးပြည့်မီပြီး အထွက်နှုန်းတိုးတက်လာစေရန် မြေပြင်တွင် လက်တွေ့ဆောင်ရွက်လျက်ရှိသည့်တောင်သူများ၊ လုပ်ငန်းရှင်များ၊ သက်ဆိုင်ရာဌာနများ ဆွေးနွေးမှုမှ မြေပြင်အခြေအနေကိုသိရှိပြီး နိုင်ငံတော်မှ တိကျသည့် မူဝါဒတွေ ချမှတ်ဆောင်ရွက်နိုင်ရန် ယနေ့ပွဲကို ကျင်းပခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ ၎င်းနောက် မိတ္ထီလာခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်စန္ဒာလင်းက မိတ္ထီလာခရိုင်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ဝါစိုက်ပျိုးမှုအခြေအနေများအား ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာသော တောင်သူများက ဝါစိုက်ပျိုးရာတွင် လိုအပ်လျက်ရှိသည့် မျိုးစေ့၊ သွင်းအားစု၊ ပိုးမွှားရောဂါကာကွယ်ရေးနှင့် ဖြည့်စွက်ရေးတို့ကို တင်ပြဆွေးနွေးခဲ့သည်။ ယင်းအပြင် ဝါလုပ်ငန်းရှင် ဥက္ကဋ္ဌ ဦးဇော်ဇော်ဦးက ဝါလုပ်ငန်းရှင်အသင်းမှ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများအကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး ဝါလုပ်ငန်းရှင်များက ဝါဝယ်ယူကြိတ်ခွဲခြင်းနှင့် ပတ်သက်၍ အရည်အသွေးပြည့်မီသည့် ဝါများရရှိရေးနှင့် လိုအပ်ချက်များကို ဆွေးနွေးခဲ့သည်။ ထို့အပြင် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးများက ဒေသခံတောင်သူများ ဝါမျိုးကောင်းမျိုးသန့်ရရှိရေး၊ ဝါဈေးနှုန်းကောင်းမွန်ရေးနှင့် အရည်အသွေးပြည့်မီသည့် ဝါမျိုးများရရှိရေး ဒေသခံတောင်သူများနှင့် ပူးပေါင်းဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းဆွေးနွေးခဲ့ရာ တိုင်းဒေသကြီး ဦးစီးမှူးက ဆွေးနွေးတင်ပြချက်များမှ အရည်အသွေးပြည့်မီသည့် ဝါမျိုးများ စိုက်ပျိုးထုတ်လုပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်သည်။

မိတ္ထီလာခရိုင် စိုက်ပျိုးရေးဦးစီးဌာနရုံး၏ ကြီးကြပ်မှုအောက်ရှိ မိတ္ထီလာ၊ မလှိုင်၊ သာစည်၊ ဝမ်းတွင်းမြို့နယ်များတွင် ဆည်ရေ၊ ကန်ရေများဖြင့် မိုးကြိုချည်မျှင်ရှည်ဝါစိုက်ဧက ၁၅၄၄ စိုက်ပျိုးထားရှိကြောင်း သိရသည်။

(အပေါ်ပုံ)

(၄၆၉)

## မြို့မဈေးအတွင်း၌ စားသုံးဆီရောင်းချမှုများအား ရှောင်တခင် စစ်ဆေးဆောင်ရွက်

**ရပ်စောက် ဇွန် ၅**

ရပ်စောက်မြို့နယ် စည်ပင်သာယာရေးဌာနပိုင် မြို့မဈေးအတွင်း၌ လက်ကား၊ လက်လီရောင်းချသည့် စားသုံးဆီဆိုင်များတွင် ဈေးနှုန်းမြင့်တင်ရောင်းချမှု ရှိ၊ မရှိ၊ မြို့နယ်စည်ပင်သာယာရေးဌာန ဝန်ထမ်းများ၊ မြို့မဈေးအကျိုးတော်ဆောင်ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များမှ ဇွန် ၄ ရက် နံနက် ၁၀ နာရီတွင် မြို့မဈေးအတွင်းရှိ စားသုံးဆီဆိုင်များအား ရှောင်တခင် ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။




(အပေါ်ယာပုံ)(ကဆ)

ရောဂါကင်းစင်
စိတ်လန်းရွှင်
အမြင်လည်းလှ
သန့်ရှင်းကြ ။



## သင်္ဂဇာချောင်းနှင့် ကန်တော်ကြီး သန့်ရှင်းသာယာလှပရေး နေ့စဉ် ဆောင်ရွက်လျက်ရှိ

**မန္တလေး ဇွန် ၅**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသည် သင်္ဂဇာချောင်း၊ ကန်တော်ကြီးနှင့် တောင်သမန်ကန် ရေအရည်အသွေးကောင်းမွန်ရေး၊ ရေစီးရေလာကောင်းမွန်ရေးနှင့် သန့်ရှင်းသာယာလှပရေးအတွက် လုပ်ငန်းကော်မတီဖွဲ့စည်း၍ လုပ်ငန်းများကို စီမံချက်ချမှတ်ပြီး လုပ်ငန်းကဏ္ဍ အသီးသီးအလိုက် နေ့စဉ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ လုပ်ငန်းများ ဆောင်ရွက်ရာတွင် ယမန်နေ့က သင်္ဂဇာချောင်းရေစီးရေလာကောင်းမွန်ရေးအတွက် မဟာအောင်မြေမြို့နယ် သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူများသည် သင်္ဂဇာချောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် သင်္ဂဇာချောင်းနှင့် ကြည်းချောင်း ဆုံနေရာ ချောင်းအတွင်းမှ နွံနှင့် ဒိုက်အမှိုက်များကို Sunton စက်အသုံးပြု၍ ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။

ကန်တော်ကြီးသာယာလှပရေးအတွက် ပန်းဥယျာဉ်နှင့်ကစားကွင်းများဌာနမှ တာဝန်ရှိသူများသည် ကန်တော်ကြီးတောင်ဘက်ကန်ရှိ ဗေဒါများကို လူအင်အား ၃၀ ဦးနှင့် ဘက်ဟိုးစက်တစ်စီး အသုံးပြု၍ ကမ်းကပ်ဆယ်ယူရှင်းလင်းဆောင်ရွက်ကြရာ တန် ၇၀ ခန့် ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့ပြီး ဗေဒါဖြတ်စက်နှစ်စီးဖြင့် ဖြတ်တောက်ဆောင်ရွက်ရာတွင် နှစ်ဧကခန့် ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့ကြကြောင်း သိရသည်။

(ဝဲပုံ)

မန္တလေးနေ့စဉ်-၃

# မြန်မာ့စိန်တလုံးသရက်သီး တရုတ်ဈေးကွက်တွင် ဈေးကောင်းရသော်လည်း ယခင်နှစ်များထက် တင်ပို့နိုင်မှု အနည်းငယ်လျော့နည်း

**မန္တလေး ဇွန် ၅**

မြန်မာ့ စိန်တလုံးသရက်သီးများကို တရုတ်ဈေးကွက် တင်ပို့သူများအတွက် ဈေးကောင်းရနေသော်လည်း မန္တလေးတိုင်းဒေသကြီးမှ ယခင်နှစ်များထက် ထွက်နှုန်းနည်းပါးခဲ့သည်။ ထို့ပြင် တရုတ်ဘက်တင်ပို့နိုင်မှုမှာ ယခင်နှစ်များထက် အနည်းငယ်သာ တင်ပို့နိုင်ကြောင်း မူဆယ်သစ်သီးပွဲရုံတစ်ခုမှ ပွဲစားတစ်ဦးက ပြောသည်။

သရက်သီး ၁၆ ကီလိုတစ်ခြင်းလျှင် တရုတ်ငွေ ယွမ် ၁၅၀-၁၆၀ ဝန်းကျင်ဖြင့် ဈေးကောင်းရရှိနေပြီး ရာသီဥတုအခြေအနေနှင့် သွင်းအားစုဈေးနှုန်းမြင့်မားမှုကြောင့် လျော့ချလာရာမှ ထွက်နှုန်းနည်းပါးသည်ဟု ဆိုသည်။

"မနှစ်က သရက်သီးတင်ပို့မှုလျော့ကျသလို ဈေးကောင်းမရခဲ့ဘူး။ ပြီးခဲ့တဲ့နှစ်တွေက တင်ပို့မှုနဲ့ နှိုင်းယှဉ်ရင် ၂၀ ရာခိုင်နှုန်းလောက်ပဲ ဒီနှစ်မှာ တင်ပို့နိုင်တဲ့ အခြေအနေပါ။ ပုံမှန်လမ်းကြောင်း မူဆယ်ဘက်ကမဟုတ်ဘဲ မိုင်းလားဘက်က တင်ပို့ရတာကြောင့် ခရီးပိုဝေးသွားသလို ရာသီဥတုဒဏ်ခံရတယ်။သယ်ယူစရိတ်လည်း ကြီးလာတယ်" ဟု ၎င်းက ပြောသည်။

ယခုနှစ်သရက်ရာသီတွင် သရက်စိုက်တောင်သူအချို့မှာ အိတ်စွပ်ခြင်းနှင့် အခြားကြိုတင်ပြင်ဆင်မှုများ မပြုလုပ်နိုင်သောကြောင့် အထွက်နှုန်းကျဆင်းရာက တင်ပို့နိုင်မှုလျော့ကျခဲ့ခြင်းဖြစ်ကြောင်း၊ မန္တလေးတိုင်းဒေသကြီးမှထွက်ရှိသော စိန်တလုံးသရက်သီးမှာ အရည်အသွေးအရသာကောင်းမွန်သဖြင့် ဈေးကွက်ခိုင်မာသော်လည်း လက်ရှိတွင် လက်ကျန်မရှိသလောက်ဖြစ်နေ၍ ဟသ်ာသရက်သီးများ တင်ပို့ရန် စီစဉ်သူများရှိကြောင်း သိရသည်။

"သရက်စိုက်တောင်သူတွေရဲ့ ကုန်ကျစရိတ်က တစ်ခြင်းကို တရုတ်ငွေ ယွမ် ၅၀ လောက်ပဲရှိပြီး ရောင်းရတာက ယွမ် ၁၅၀ လောက်ရယ်၊ ငွေဈေးမြင့်လာတာရယ်ကြောင့် အမြတ်အစွန်းရှိတယ်ဆိုပေမယ့် လမ်းခရီးကြန့်ကြာမှုနဲ့ အရည်အသွေးအပေါ် ဈေးကောင်းရဖို့ ရင်ခုန်ရတယ်။ ဒီနှစ်မှာ ကျွန်တော့်ခြံကလည်း မနှစ်ကလောက် မထွက်ဘူး" ဟု မတ္တရာမှ သရက်ခြံပိုင်ရှင်တစ်ဦးက ပြောသည်။

မြန်မာ့သရက်ရာသီမှာ ဧပြီလကုန်ပိုင်းမှစတင်ပြီး စိန်တလုံးသရက်သီးများ ထွက်ပေါ်လာကာ တရုတ်ဈေးကွက်နှင့် ပြည်တွင်းဈေးကွက်သို့လည်း လက်လီ၊ လက်ကား ရောင်းချနေကြောင်း၊ တရုတ်ဘက်သို့ တင်ပို့ရာတွင် ရင်းနှီးစရိတ်နှင့် လမ်းခရီးကြန့်ကြာမှုများကြောင့် တရုတ်ဘက်တင်ပို့မှု လျော့နည်းခြင်းမှာလည်း တစ်စိတ်တစ်ပိုင်းပါဝင်ကြောင်း သရက်ကုန်သည်များက သုံးသပ်ကြသည်။



(ဓါတ်ပုံ)

(မန္တလေးနေ့စဉ်-၉)



# ဘုန်းတော်ကြီးကျောင်း၊ ဌာနဆိုင်ရာရုံးနှင့် ဒေသခံပြည်သူနေအိမ်(၂၉၅)လုံး လျှပ်စစ်မီးပြန်လည် ရရှိ

**ဆီဆိုင် ဇွန် ၅**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဆီဆိုင်မြို့နယ်တွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ပြန်လည်ဝင်ရောက်နေထိုင်သည့် ဒေသခံပြည်သူများအား လျှပ်စစ်မီးပြန်လည်ရရှိရေးအတွက် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ **(အပေါ်ပုံ)**

ထို့သို့ ဆောင်ရွက်ရာတွင် ဆီဆိုင်မြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ မြို့နယ်တာဝန်ခံနှင့် ဝန်ထမ်းများက ၃၃/ ၁၁ ကေဗွီ(၅)အမ်ဗွီ မိန်းထရန်စဖော်မာ(၁)လုံး၊ ၁၁ ကေဗွီဓာတ်အား လိုင်း ၁၁၃ ခန်း၊ ၄၀၀ဗို့ ဓာတ်အားလိုင်း ၃၅၉ ခန်း၊ ချို့ယွင်းပျက်စီးသည့် ၁၁/ ၀ ဒသမ ၄ ကေဗွီ(၂၀၀)ကေဗွီ ထရန်စဖော်မာ ၈ လုံးတို့ကို ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီဖြစ်၍ လက်ရှိအချိန်တွင် မြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများ၊ ဌာနဆိုင်ရာရုံး ၆ ရုံးနှင့် ဒေသခံပြည်သူနေအိမ် ၂၉၅ လုံးတို့အား လျှပ်စစ်မီးပြန်လည်ရရှိထွန်းလင်းနေပြီ ဖြစ်သည်။ ဆက်လက်၍ လျှပ်စစ်မီး မရရှိသေးသည့် ဌာနဆိုင်ရာရုံးနှင့် ဒေသခံပြည်သူနေအိမ်များအား လျှပ်စစ်မီးကြိုးသွယ်တန်း ပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပြီး အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက လျှပ်စစ်မီးများ ဆက်လက်ဖြန့်ဖြူးပေးမည်ဖြစ်ကြောင်း သိရသည်။

(၃၆၈)

# မိုးရာသီစိုက်ပျိုးသီးနှံစိုက်ပျိုးခြင်းလုပ်ငန်းများ စတင်စိုက်ပျိုးဆောင်ရွက်

**ပင်းတယ ဇွန် ၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်၌ မိုးစပါးနှင့် မိုးသီးနှံများ စိုက်ပျိုးရန်လယ်ယာ၊ တောင်ယာများတွင် မေလစတုတ္ထပတ်မှစတင်၍ မိရိုးဖလာ စိုက်ပျိုးရေးနည်းလမ်းများအတိုင်း ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း ဒေသခံတောင်သူများထံက သိရသည်။

မိုးစပါးများအား လယ်ယာတောင်ယာစိုက်ခင်းများတွင် မြေသားများထွန်ယက်၍ စပါးမျိုးစေ့များဖြန့်ဖြူး စိုက်ပျိုးခြင်းနှင့် မျိုးစေ့များတစ်လခန့်အချိန်ကြာ ကြိုတင်ပျိုးထောင်ထားသည့် မုန်လာပင်၊ ပန်းမုန်လာပင်၊ ခရမ်းချဉ်ပင်၊ ခရမ်းသီးပင် အစရှိသည့် ပျိုးပင်ငယ်များအား တောင်ယာစိုက်ခင်းများသို့ ရွှေ့ပြောင်းစိုက်ပျိုးလျက်ရှိကြောင်းသိရှိရပြီး ပန်းမုန်လာပျိုးပင်များ စိုက်ပျိုးရာတွင် ပျိုးပင်တစ်ပင် စိုက်ပျိုးစရိတ်ငွေကျပ် ၃၀၀ နှုန်းဖြင့် စိုက်ပျိုးဧကတစ်ဧကအတွက် အပင်ရေ ၁၀၀၀၀ စိုက်ပျိုးလျှင် စိုက်ပျိုးစရိတ် ကျပ်သိန်း ၃၀ ခန့်ကုန်ကျ လျက်ရှိသည်။



မိုးရာသီသီးနှံများအား ပင်းတယမြို့နယ်ရပ်ကွက်(၁၃)ရပ်ကွက်နှင့်ကျေးရွာ အုပ်စု ၂၇ အုပ်စုကျေးရွာပေါင်း ၁၃၅ ရွာများရှိ ဒေသနေ ဓနု၊ တောင်ရိုး၊ ပအိုဝ်၊ ပလောင်၊ ရှမ်းအစရှိသော တိုင်းရင်းသားမိဘပြည်သူများတို့က မိသားစုစီးပွားလုပ်ငန်းအဖြစ်နှစ်စဉ် မိရိုးဖလာနည်းစနစ်ဖြင့် စိုက်ပျိုးဆောင်ရွက်လျက်ရှိရာ သီးနှံများဖြစ်ထွန်းအောင်မြင်ချိန်ရောက်ရှိလာပါက ဈေးနှုန်းမှန်ကန်စွာ ထုတ်လုပ်ရောင်းချပေးနိုင်ရန် ကြိုးစားလုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

**(အပေါ်ပုံ)(၃၃၈)**

# မိုးရာသီ စပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ခန္တီး ဇွန် ၅**

စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမြို့တွင် သစ်တောသစ်ပင်များ ချစ်မြတ်နိုးလာတတ်စေရန်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရန်ရည်ရွယ်၍ ခန္တီးခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် သစ်တောဦးစီးဌာနတို့ပူးပေါင်းကာ မိုးရာသီစပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့ နံနက် ၈ နာရီက ခန္တီး-ဟုမ္မလင်း ကားလမ်း(၂)မိုင်(၅)ဖာလုံအနီး၌ ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၊ အဖွဲ့ဝင်(၁)ဒုတိယဗိုလ်မှူးကြီး မျိုးဇော်မောင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသက်ဦးဆွေနှင့်အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ တက်ရောက်ခဲ့သည်။

အဆိုပါ မိုးရာသီစပေါင်းသစ်ပင်စိုက်ပျိုးပွဲတွင် နှစ်ရှည်ပင်များဖြစ်ကြသည့် တမာပျိုးပင်(၁၀၀)၊ ကျွန်းပျိုးပင်(၅၀)၊ မန်ကျည်းပျိုးပင်(၁၀၀)၊ ပျဉ်းကတိုးပျိုးပင်(၁၀၀)၊ သဘော်တည်ပျိုးပင်(၅၀)၊ စိန်ပန်းပျိုးပင်(၅၀)၊ မယ်ဇလီပျိုးပင်(၅၀) ပျိုးပင်စုစုပေါင်း အပင်ရေ(၅၀၀)အား တက်ရောက်ကြသည့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများက ခန္တီး-ဟုမ္မလင်းကားလမ်းဘေး၌ စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

၀-၀-၀-၀-၀

# ရွှေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် စာအုပ်၊ စာစောင်များ ငှားရမ်းပေး

**ပျဉ်းမနား ဇွန် ၅**

ပျဉ်းမနားမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ရွှေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် စာဖတ်သူများ လက်ဝယ်အရောက် စာအုပ်များ လိုက်လံငှားရမ်းပေးမှုကို ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်းရှိ အခြေခံပညာကျောင်းများနှင့် ရပ်ကွက်၊ ကျေးရွာများအရောက် လိုက်လံငှားရမ်းပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ဇမ္ဗူသီရိမြို့နယ်၊ အ.ထ.က -၁၄ သို့ သွားရောက်ငှားရမ်းပေးခဲ့ကြသည်။

စာအုပ်ငှားရမ်းဖတ်ရှုသူများ အဆင်ပြေစေရေးအတွက် ရွှေ့လျားစာကြည့်တိုက်မော်တော်ယာဉ်၌ သုတ၊ ရသစာအုပ်မျိုးစုံ ၂၃၀၀ ကျော် စီစဉ်ထားရှိပြီး စာအုပ်အသစ်များကိုလည်း စဉ်ဆက်မပြတ် လဲလှယ်ဖြည့်ဆည်းပေးလျက်ရှိကြောင်းနှင့် ယခုငှားရမ်းပေးခဲ့သော စာအုပ်များကို ရက်သတ္တတစ်ပတ်ပြည့်လျှင် ပြန်လည်အပ်နှံကာ စာအုပ်အသစ်များကို ထပ်မံငှားရမ်းပေးသွားမည် ဖြစ်သည်။



ပျဉ်းမနားမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ပြည်သူများ စာပေအလွယ်တကူ ဖတ်ရှုနိုင်စေရေးအတွက် ရွှေ့လျားစာကြည့်တိုက်မော်တော်ယာဉ်ဖြင့် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်းရှိ အခြေခံပညာကျောင်းများနှင့် ရပ်ကွက်၊ ကျေးရွာများအရောက် လိုက်လံငှားရမ်းပေးခြင်းဖြစ်ပြီး မြို့နယ်ပြည်သူ့စာကြည့်တိုက်တွင်လည်း မည်သူမဆိုအခမဲ့ လာရောက်ငှားရမ်းဖတ်ရှုနိုင်ကြောင်း သိရသည်။

**(ဓါတ်ပုံ)မြို့နယ်(ပြန်/ဆက်)**

ပတ်စရာ၊ မှတ်စရာ
စုံလင်

# မြေစိုက်ပိုစတာစိုက်ထူ၊ စာစီစာကုံး၊ ပန်းချီပြိုင်ပွဲနှင့် အသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်



**မကွေး ဇွန် ၅**

မကွေးတိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် MPRL E&P Pte Ltd.(CSR အစီအစဉ်)တို့မှ ကြီးမှူးကျင်းပသော ၂၀၂၄ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဇွန် ၁ ရက်က မန်းရေနံမြေရှိ အောက်ကျောင်း ကျေးရွာအဝင်တွင် 'သဲကန္တာရ တိုက်ဖျက်ရေးနှင့် မိုးခေါင်ရေရှားဒဏ်ခံနိုင်ရေး မြေယာပြန်လည် ပြုပြင်ပေး' မြေစိုက်ပိုစတာ စိုက်ထူခြင်းကို မကွေးတိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်သီသီစိုးမင်းဦးစီး၍ အဖွဲ့ဝင် ၅ ဦးနှင့် MPRL E&P Pte Ltd. တို့ ပူးပေါင်း၍ မြေစိုက် ပိုစတာစိုက်ထူခြင်းကို ဆောင်ရွက်ခဲ့သည်။

ထို့နောက် အောက်ကျောင်းရွာ၊ အခြေခံပညာ မူလတန်းကျောင်းတွင် 'သဲကန္တာရတိုက်ဖျက်ရေးနှင့် မိုးခေါင်ရေရှားဒဏ်ခံနိုင်ရေး မြေယာပြန်လည်ပြုပြင်ပေး'ခေါင်းစဉ်ဖြင့် စာစီစာကုံးပြိုင်ပွဲကို အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၂၄ ဦးဖြင့်လည်းကောင်း၊ ဇွန် ၂ ရက်တွင် မန်းရေနံမြေ၊ အေးမြကျေးရွာအတွင်းရှိ စာပေနန်းတော် စာကြည့်တိုက်တွင် ပန်းချီပြိုင်ပွဲကို မူလတန်းနှင့် အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၁၄ ဦးဖြင့်လည်းကောင်း ကျင်းပဆောင်ရွက်ခဲ့သည်။

ဆက်လက်၍ မန်းရေနံမြေရှိ မန်းကျိုးဘုန်းကြီးကျောင်းတိုက်တွင် 'သဲကန္တာရ တိုက်ဖျက်ရေးနှင့် မိုးခေါင်ရေရှားဒဏ်ခံနိုင်ရေး မြေယာပြန်လည်ပြုပြင်ပေး' ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့ရာ မကွေးတိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးဒေါ်မြတ်နိုးဝေက သဲကန္တာရ အမျိုးအစားများနှင့် ၎င်းတို့၏ ဝိသေသလက္ခဏာများ၊ မိုးခေါင်ရေရှားခြင်းနှင့် သဲကန္တာရဖြစ်ပေါ်ခြင်းကြောင့် ဆိုးကျိုးသက်ရောက်မှုများ၊ သစ်တောများမှ ရရှိနိုင်သော အကျိုးကျေးဇူးများ၊ မြန်မာနိုင်ငံနှင့် သဲကန္တာရဖြစ်ထွန်းမှုတိုက်ဖျက်ရေး ဆောင်ရွက်ချက်များ၊ မြေယာထိန်းသိမ်းရေးလုပ်ဆောင်ခြင်းဖြင့်ရရှိမည့် အကျိုးကျေးဇူးများကို ဆရာ၊ ဆရာမများနှင့် ကျေးလက်နေပြည်သူများအား အသိပညာပေးဟောပြောခဲ့ပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဝန်ထမ်းများမှ ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)

## ရုံးစာရေးသားနည်းသင်တန်း (၂/၂၀၂၄)ဖွင့်လှစ်

**ကလေး ဇွန် ၅**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (Community Centre) ခန်းမ၌ ယမန်နေ့ နံနက် ၁၀ နာရီက ရုံးစာရေးသားနည်းသင်တန်း(၂/၂၀၂၄)ကို ဖွင့်လှစ်သင်ကြားပေးခဲ့သည်။

အခမ်းအနားတွင် ကလေးခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတွာလ်ဆွင်းဇန်က အဖွင့်အမှာစကားပြောကြားခဲ့သည်။ ဆက်လက်ပြီး သင်တန်းနည်းပြများဖြစ်သည့် ကလေးခရိုင်ဦးစီးမှူးနှင့် ဦးစီးအရာရှိများက ရုံးလုပ်ငန်းသဘောတရား၊ ရုံးစာရေးသားရာတွင် အခြေခံရမည့်အချက်များ၊ ရုံးစာရေးသားနည်းအမျိုးအစားများ၊ ရုံးစာရေးသားရာတွင် ပါရှိရမည့် အကြောင်းအရာများကို ဆွေးနွေးပို့ချခဲ့ကြသည်။

အဆိုပါသင်တန်းတွင် ကလေးခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဝန်ထမ်းများအား ဇွန် ၃ ရက်မှ ၅ ရက်အထိ ဖွင့်လှစ်၍ ဆွေးနွေးပို့ချမည်ဖြစ်ကြောင်းနှင့် သင်တန်းဖွင့်လှစ်ခြင်းကြောင့် ရုံးစာရေးသားနည်းတွင် အရေးပါသောအချက်အလက်များကို ပိုမိုသိရှိစေရန်နှင့် သတ်မှတ်ထားသည့် နည်းစနစ်အတိုင်း တိကျစွာရေးသားနိုင်စေရန် ရည်ရွယ်သင်ကြားပေးခြင်းဖြစ်ကြောင်း သိရသည်။

(ယာပုံ)

မြို့နယ်(ပြန်/ဆက်)



## မြတ်ဆရာ

\- - - - - - - - - - - - -

* အနန္တ ငါးဖြာမှာ
မြတ်ဆရာ ဂုဏ်တွေရှိ၊
အသိနှင့် သတိယှဉ်
နေ့စဉ်မြတ်နိုး။

* ကျေးဇူးရှင် ဖြစ်တာမို့
တို့သူငါ ရှိခိုး ။

* အတတ်လည်းသင်၊
ပဲ့ပြင်ဆုံးမ ။

* သူ့ဘဝ သူ့စေတနာ
ဝါသနာရှိမြဲ ။

* အနစ်နာ သူခံလို့
ဘဝမှာ စံပြလူပဲ ။

* အသပြာ သူမမက်
နှုတ်ဆက်ကြ မင်္ဂလာပါ ။
သူ့မျက်နှာ ပျားသကာလို
ချိုလှပါဘိ ။

* ကြိုဆိုကြ တို့သူငါ
မြတ်ဆရာ မေ့ဘူးကွဲ့လေး ။ ။

မြတ်ထေရ်ကျော်




## မိုဘိုင်းစာကြည့်တိုက်စနစ်ဖြင့် စာအုပ်စာစောင်ငှားရမ်းပေးခြင်းဆောင်ရွက်

**သီပေါ ဇွန် ၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲခရိုင်၊ သီပေါမြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက ဌာနဆိုင်ရာများနှင့် မြို့ပေါ်ရပ်ကွက်များသို့ စာဖတ်ရှိန်မြှင့်တင်နိုင်ရေးအတွက် မိုဘိုင်းစာကြည့်တိုက်စနစ်ဖြင့် စာအုပ်စာစောင်များ ငှားရမ်းပေးခြင်းကို ယမန်နေ့ နံနက် ၉ နာရီက ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် စိုက်ပျိုးရေးဦးစီးဌာနနှင့် တိုင်းရင်းဆေးပညာဦးစီးဌာနများရှိ ဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုများအား ယခင်ငှားရမ်းပေးထားသော စာအုပ်များအား ပြန်လည်သိမ်းဆည်းပြီး ယခုအပတ်တွင် သုတ၊ ရသစာအုပ်များကို ထပ်မံပြန်လည်ငှားရမ်းပေးခဲ့သည်။ ထိုသို့ ငှားရမ်းပေးရခြင်းမှာ စာပေတန်ဖိုးကို ချစ်မြတ်နိုးတတ်စေရန်၊ စာပေဖတ်ရှုခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများအကြောင်းကို သိရှိစေရန်ရည်ရွယ်၍ သွားရောက်ငှားရမ်းပေးခြင်း ဖြစ်သည်။

စာဖတ်ရှိန်မြှင့်တင်နိုင်ရေးအတွက် မိုဘိုင်းစာကြည့်တိုက်စနစ်ဖြင့် ငှားရမ်းပေးခြင်းကို သီပေါမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဝန်ထမ်းများမှ အပတ်စဉ် ဌာနဆိုင်ရာရုံးများနှင့် ရပ်ကွက်များသို့ အလှည့်ကျသွားရောက်ငှားရမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

မြို့နယ်(ပြန်/ဆက်)



## သတင်းပဒေသာ

### ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေး ထိုးနှံတိုက်ကျွေး

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲခရိုင်၊ သီပေါမြို့၌ ကလေးငယ်များရောဂါကင်း၍ ကျန်းမာပျော်ရွှင်စွာ နေထိုင်နိုင်ရေးအတွက် မွေးကင်းစအရွယ်မှစ၍ အသက်(၂)နှစ်အောက် ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးခြင်းများကို ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မိခင်နှင့်ကလေးကျန်းမာရေးဌာနနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲများ၌ ဇွန် ၄ရက် နံနက် ၉ နာရီက စတင်၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### ကလေးသူငယ်များ ပညာသင်ကြားလျက်ရှိ

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ် ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ် ကျောင်းနေအရွယ်ကလေးများ ပညာသင်ယူခွင့်ရရှိစေရေးအတွက် ဇွန် ၄ ရက် နံနက် ၉နာရီတွင် အခြေခံပညာကျောင်းများ စတင်သင်ကြားပေးလျက်ရှိရာ တောင်တွင်းကြီးမြို့နယ်ရှိ အခြေခံပညာကျောင်းပေါင်း (၂၅၉)ကျောင်းရှိ ကျောင်းသား၊ ကျောင်းသူ ကလေးသူငယ်များအားလုံး ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### မိုးသီးနှံ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ပေး

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းလှမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ၂၀၂၄ ခုနှစ်အတွက် မိုးသီးနှံ စိုက်ပျိုးကြမည့် တောင်သူများအား မိုးသီးနှံ စိုက်ပျိုးစရိတ် ချေးငွေများကို ယမန်နေ့ နံနက် ၁၀ နာရီက စတင်ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### ကလေးငယ်များအား တစ်လတစ်ကြိမ်ပုံမှန်ကာကွယ်ဆေးထိုး

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲခရိုင်၊ နောင်ချိုမြို့နယ် ရပ်ကွက်၊ ကျေးရွာများရှိ အသက် (၂) နှစ်အောက် ကလေးငယ်များအား တစ်လတစ်ကြိမ် ပုံမှန်ကာကွယ်ဆေးထိုး၊ ဆေးတိုက်ခြင်းကို ဇွန် ၄ ရက် နံနက် ၉ နာရီက မိခင်နှင့်ကလေးစောင့်ရှောက်ရေးဌာနတွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### မြေစိုက်ပိုစတာစိုက်ထူပွဲ ကျင်းပ

မန္တလေးတိုင်းဒေသကြီး၊ ငါန်းဇွန်မြို့၌ မြို့နယ်သန်းခေါင်စာရင်းကော်မတီ၏ ဦးဆောင်မှုဖြင့် အများပြည်သူများ အသွားအလာစည်ကားရာနေရာဖြစ်သည့် အမှတ်(၁)ရပ်ကွက် မြို့မရဲစခန်းရှေ့ မြို့လယ်လမ်းဆုံ၌ ယမန်နေ့ နံနက် ၉ နာရီက 'ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့' ဆောင်ပုဒ်ပါ မြေစိုက်ပိုစတာစိုက်ထူပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ပညာသင်ကြားလျက်ရှိ

၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် အဆင့်မြင့်ပညာဦးစီးဌာန ကျိုင်းတုံတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်(ကျိုင်းတုံ)၊ ကွန်ပျူတာတက္ကသိုလ်(ကျိုင်းတုံ)များ၌ ဘာသာရပ်ဆိုင်ရာ သင်တန်းများကို ဇွန် ၃ ရက် နံနက်ပိုင်းက စတင်ဖွင့်လှစ်ခဲ့ရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်း မြို့နယ်များမှ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### အရိပ်ရပင်နှင့် နှစ်ရှည်သစ်ပင်များအား အခမဲ့ဖြန့်ဝေ

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ တန့်ယန်းမြို့နယ်တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စိမ်းလန်းစိုပြေရေးအတွက် အရိပ်ရပင်နှင့် နှစ်ရှည်သစ်ပင်များအား မြို့နယ်သစ်တောဦးစီးဌာနမှ ဒေသခံပြည်သူများ စိုက်ပျိုးနိုင်ရန်အတွက် အခမဲ့ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## အင်းဝခေတ် ရဟန်းစာဆိုတော် ရှင်မဟာရဋ္ဌသာရ၏ အရိုးဂူဗိမာန်တည်ဆောက်မှု (၉၀)ရာခိုင်နှုန်းပြီးစီး

**ပြည် ဇွန် ၅**

ပဲခူးတိုင်းဒေသကြီးအနောက်ခြမ်း ပြည်မြို့တွင် တည်ဆောက်လျက်ရှိသည့် အင်းဝခေတ်ရဟန်းစာဆိုတော် ရှင်မဟာရဋ္ဌသာရ၏ အရိုးဂူဗိမာန်တည်ဆောက်နေမှုလုပ်ငန်းမှာ ယနေ့အထိ ၉၀ ရာခိုင်နှုန်းအထိ ပြီးစီးနေပြီဖြစ်ကြောင်း တည်ဆောက်ရေးကော်မတီအတွင်းရေးမှူး စာရေးဆရာနှောင်းသစ် (ရွှေဘို)ထံက သိရသည်။

"ကျွန်တော်တို့ တည်ဆောက်နေတဲ့ အင်းဝခေတ် ရဟန်းစာဆိုတော် ရှင်မဟာရဋ္ဌသာရ၏ အရိုးဂူဗိမာန်ကတော့ ဆရာတော်ကြီးရဲ့ သက်တော်(၅၅၅)နှစ်ပြည့် အထိမ်းအမှတ်နဲ့ ဆရာတော်ကြီးရဲ့ အရိုးဂူကျောက်တိုင်တည်ရှိရာ ရွာဘဲရပ်ကွက်ထဲမှာပဲ တည်ဆောက်နေတာပါ၊ ဒီနေ့အထိဆိုရင် (၉၀)ရာခိုင်နှုန်းအထိ ပြီးစီးနေပြီဖြစ်ပါတယ်၊ ဂူဗိမာန်တည်ဆောက်တဲ့နေရာမှာ အမြို့မြို့အနယ်နယ်က အလှူရှင်တွေရဲ့ ထည့်ဝင်လှူဒါန်းငွေနဲ့ တည်ဆောက်နေတာဖြစ်ပါတယ်၊ လတ်တလောလည်း အလှူငွေကတော့ လိုအပ်နေပါသေးတယ်၊ ဗိမာန်တော်ကတော့ အကျယ် ၁၈ ပေ၊ အနံ ၃၆ ပေရှိပါတယ်၊ တည်ဆောက်ဆဲကာလမှာပဲ စာရေးဆရာတွေ ကဗျာဆရာတွေ စုစည်းပြီး အပတ်စဉ် တနင်္ဂနွေနေ့တိုင်း စာပေစကားဝိုင်းကို ကျင်းပနေတာ ဖြစ်ပါတယ်"ဟု ဆရာနှောင်းသစ်က ပြောကြားသည်။

ယခုကဲ့သို့ အင်းဝခေတ် ရဟန်းစာဆိုရှင်မဟာရဋ္ဌသာရ အရိုးဂူဗိမာန်အား တည်ဆောက်ခြင်းဖြင့် ရဟန်းစာဆိုရှင်များ လူပုဂ္ဂိုလ်စာဆိုရှင်များ ပေါ်ထွက်ကာ နိုင်ငံအကျိုးပြုစာပေများ ပေါ်ထွန်းစေရန် ရည်ရွယ်တည်ဆောက်ခြင်းဖြစ်ကာ အရိုးဂူဗိမာန်အတွက် အလှူငွေများ ထည့်ဝင်လှူဒါန်းလိုပါက တည်ဆောက်ရေးကော်မတီ ဘဏ္ဍာရေးမှူး ဆည်မြောင်းနှင့် ရေအရင်းအမြစ် အသုံးချမှု တည်ဆောက်ရေးဌာနဦးစီး ပြည်မြို့ တည်ဆောက်ရေး(၂)၊ ဦးစီးအရာရှိ (စက်မှု)ဦးနိုင်ဝင်း ဖုန်း ၀၉-၅၃၁၂၆၀၅ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

ရဲရင့်အောင်(ကချင်မြေ)

## ဆုံစည်းရာအရဏ်ဆွမ်းကပ်နှင့် ဆွမ်းလောင်းအသင်း၏ အကြိမ်(၁၉၀)မြောက် ဆွမ်းလောင်းလှူ

**မန္တလေး ဇွန် ၅**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ အကွက်(၈၀၆)၊ လမ်း ၆၀နှင့် ၂၈လမ်းထောင့် မြေပဒေသာလမ်းသွယ်ရှိ ဆုံစည်းရာ အရဏ်ဆွမ်းကပ်နှင့် ဆွမ်းလောင်းအသင်း၏ အကြိမ် (၁၉၀)မြောက် ဆွမ်းလောင်းလှူပွဲကို ယမန်နေ့ နံနက်ပိုင်းက အသင်းဥက္ကဋ္ဌ ဦးအေးဆောင်၊ အတွင်းရေးမှူး ဦးမောင်မောင်လွင်နှင့် အသင်းဝင်လူငယ်မောင်မယ်များက မန္တလေးအရှေ့ပြင် ဘုန်းတော်ကြီးကျောင်းတိုက်ပေါင်း ၄၃ ကျောင်းသို့ အရဏ်ဆွမ်းကြာဇံကြော်၊ ဆွမ်း၊ ဆွမ်းဟင်းများ၊ လှူဖွယ်ပစ္စည်းများကို သွားရောက်ဆက်ကပ် လှူဒါန်းခဲ့ကြသည်။ (ယာပုံ)



အကြိမ်(၁၉၀)မြောက် ဆွမ်းလောင်းလှူနိုင်ရေးအတွက် အလှူရှင် ဆရာမကြီး ဒေါ်နှင်းနှင်းမော်၊ (ညီမ)ဆရာမကြီး ဒေါ်နုနုရီ (CAE) ပညာရေးမိသားစု၊ ကိုလှိုင်မြင့်(စတီးဆိုင် ၂၆လမ်း) မိသားစု၊ ဒေါ်မမ(ပတ္တမြားသုခ) မိသားစု၊ တိုးတက်ကုန်မာဆိုင်နှင့် အောင်မြန်မာလျှပ်စစ်မိသားစု၊ ဦးတင်ထွန်း+ဒေါ်ခင်ဝင်းကြည် (ရွှေဖားလေးခြံ)မိသားစု၊ ပွင့်ဖူး (သွားနှင့်ခံတွင်းဆေးခန်း)မိသားစု၊ ရှမ်းဌာနေ စားသောက်ဆိုင် မိသားစု၊ ဖခင်ကြီး ဦးကိုးအောင်+ မိခင်ကြီး ဒေါ်ဝင်းဝင်းမြင့်တို့အား ရည်စူး၍ မသီတာအောင်နှင့် သားတပည့်များ၊ ဖက်တီး ကွမ်းယာဆိုင်မိသားစု၊ ဦးဖြိုးဆွေကျော် + ဒေါ်အေးမွန်အောင် မိသားစု၊ ကိုကံဇော်လင်း+မအိအိခေးအောင် မိသားစုတို့က မ,တည်လှူဒါန်းခဲ့ကြကြောင်း သိရသည်။(ကဆ)



## ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေပေးအပ်

**မန္တလေး ဇွန် ၅**

နိုင်ငံတော် သံဃာ့မဟာနာယကအဖွဲ့ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတွင် ယမန်နေ့ နံနက်က ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေပေးအပ်ခြင်း ပြုလုပ်သည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောသလ အရှင်မြတ်ထံမှ ရေစက်ချ အနုမောဒနာတရား နာယူကြပြီး မန္တလေးမြို့၊ မြို့သစ်ရပ်နေ ဒေါ်ခင်သန်း၊ (သား)ကိုတင်မောင်အေး + မခင်မြတ်နိုး မိသားစုက ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် ယခင်လှူဒါန်းပြီး ကျပ်သိန်းသုံးဆယ်၊ ဖြည့်စွက်လှူဒါန်းငွေကျပ်(၁၂)သိန်း၊ ပေါင်း ကျပ်(၄၂)သိန်းကို ပေးအပ်လှူဒါန်းရာ ဥပဋ္ဌာယကအဖွဲ့ဝင် ဦးကျော်ဝင်းက လက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် အဆိုပါအလှူရှင်မိသားစုက ကျောင်းအုပ်ဆရာတော် အမှူးပြုသော ဆရာတော်၊ သံဃာတော်တို့အား နေ့ဆွမ်းဆက်ကပ်ခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(ကဆ)

## ကျောင်းသုံးစာရေးကိရိယာများ ထောက်ပံ့ပေးအပ်

**ပုဗ္ဗသီရိ ဇွန် ၅**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ် ရဲတပ်ဖွဲ့ကွပ်ကဲမှုအောက်ရှိ စခန်းများမှ တပ်ဖွဲ့ဝင်သား၊ သမီးများအား ၂၀၂၄-၂၀၂၅ပညာသင်နှစ် ကျောင်းသုံးစာရေးကိရိယာများ ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းက ပုဗ္ဗသီရိမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

၂၀၂၄-၂၀၂၅ပညာသင်နှစ် ကျောင်းသုံးစာရေးကိရိယာများ ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးရန်နိုင်နှင့် ဇနီး ဒေါ်စန္ဒာ၊ ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးအေးစိုးနှင့် ဇနီး ဒေါ်အေးအေးမြင့်၊ ထုံးဖိုမြို့မစခန်းမှူး ဒုရဲမှူး မောင်မောင်သိန်းနှင့် ဇနီး ဒေါ်သိမ့်သိမ့်ထွေး၊ ကျည်တောင်ကန် စခန်းမှူး ရဲအုပ်သိန်းမင်းထွန်းနှင့် ဇနီး ဒေါ်ဖြူပြာစိုးမိုးတို့က ပုဗ္ဗသီရိမြို့နယ် ရဲတပ်ဖွဲ့ကွပ်ကဲမှုအောက်ရှိ စခန်းများမှ တပ်ဖွဲ့ဝင်သား၊ သမီးများအား ၂၀၂၄-၂၀၂၅ပညာသင်နှစ် အထက်တန်း၊ အလယ်တန်းနှင့် မူလတန်း ကျောင်းသား၊ ကျောင်းသူ ၃၂ ဦးအတွက် စာအုပ်၊ ကွန်ပါဘူး၊ ခဲတံ၊ ဘောလ်ပင်၊ ပေတံများ စုစုပေါင်း ငွေကျပ် ၆၆၄၄၀၀ ကျောင်းသုံးစာရေးကိရိယာများကို ထောက်ပံ့ပေးအပ်ခဲ့ရာ၊ အဆိုပါ အခမ်းအနားသို့ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး၊ ထုံးဖိုမြို့မစခန်းမှူး၊ ကျည်တောင်ကန်စခန်းမှူး၊ တပ်ဖွဲ့ဝင်မိသားစုများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ (အပေါ်ပုံ)



မြို့နယ်(ပြန်/ဆက်)

# ရောင်စဉ်များနှင့် မွေ့ပျော်သူ

ငယ်စဉ်ကလေးဘဝကပင် ရောင်စုံခဲတံလေးများဖြင့် ပန်းချီဆွဲကာ ရောင်စဉ်များနှင့် မွေ့ပျော်ခဲ့သူ ပန်းချီဆရာမကြီး ဒေါ်ခင်ဝင်းကြည်၏ ပန်းချီရေးသက်သည် ရွှေရတုနှစ် လွန်မြောက်ခဲ့ပြီဖြစ်သည်။ ပန်းချီပညာကို ထဲထဲဝင်ဝင် သင်ယူချင်သဖြင့် ပန်းချီဆရာကြီး ဦးဟန်တင်နှင့် ဦးကျော်အုန်းတို့ထံတွင် ဆက်လက်၍ လေ့လာသင်ယူခဲ့သူဖြစ်သည်။ ၁၉၇၃ ခုနှစ်တွင် မော်လမြိုင်ကောလိပ်၌ပြုလုပ်သော ပန်းချီအနုပညာပြပွဲ၊ ပြိုင်ပွဲတွင် ပထမရရှိပြီး ရွှေတံဆိပ်ဆု ဆွတ်ခူးနိုင်ခဲ့သည်။ ထိုမှစ၍ ယနေ့တိုင် ပန်းချီပြပွဲပေါင်း ၁၀၀ နီးပါး ပြည်တွင်း၊ ပြည်ပ ပါဝင်ပြသနိုင်ခဲ့သည်။

ပန်းချီဆရာမကြီး ဒေါ်ခင်ဝင်းကြည်၏ Artist Name မှာ KWK ဖြစ်ပြီး ပညာရေးအနေဖြင့် B.A.M.A(Q)ဘွဲ့ ရရှိခဲ့သည်။ ပန်းချီကားများ စဉ်ဆက်မပြတ်ရေး၍ နိုင်ငံတော်အဆင့် ဗဟိုပန်းချီပြပွဲများ၊ ရန်ကုန်-မန္တလေး အုပ်စုပြပွဲများ၊ အမျိုးသမီးသီးသန့်ပြပွဲများတွင် ပါဝင်ပြသရောင်းချနိုင်ခဲ့သည်။ ၂၀၁၅ ခုနှစ်မှစတင်၍ မြန်မာ့ပန်းချီဈေးကွက်ကို ဖြတ်ကျော်ကာ ပြည်ပပန်းချီ ပြပွဲအဖြစ် စင်ကာပူနိုင်ငံတွင် တစ်ကိုယ်တော် KWK-Solo Show ပြုလုပ်ခဲ့သည်။ ၂၀၁၈ ခုနှစ်တွင် မလေးရှားနိုင်ငံတွင် Terraces ပန်းချီကားများဖြင့် Malaysia Art Exhibition ကို ဆန်းသစ်တီထွင်ရေးသားကာ ပထမဦးဆုံးအကြိမ်ပြသခဲ့ရာ မလေးရှားနိုင်ငံ ဘုရင့်သမီးတော်ကြွရောက်လာကာ မြန်မာအမျိုး သမီးပန်းချီဆရာတစ်ဦး၏ပြပွဲကို ကြည့်ရှုအားပေး ဂုဏ်ပြုခဲ့သည်။

မလေးရှားနိုင်ငံ၏ နာမည်ကြီးဘဏ်ကြီးတစ်ခုဖြစ်သည့် Bank Negara Malaysia မှ ဘဏ်တွင် ချိတ်ဆွဲရန် ဆရာမဒေါ်ခင်ဝင်းကြည်၏ ပန်းချီကားခုနစ်ကား ဝယ်ယူချီးမြှင့်အားပေးခဲ့သည်။ Acrylic ဆေးများကို Tube ထဲတွင် ထည့်သွင်းတီထွင်ဆန်းသစ်ကာ ရေးဆွဲထားသောကြောင့် ကြည့်ရှုသူအမြင်ဆန်းကာ နှစ်သက်သဘောကျလေ့ရှိသည်။ ၂၀၁၂ ခုနှစ်တွင် စင်္ကာပူနိုင်ငံ မြန်မာကလပ်မှ နိုင်ငံခြားပန်းချီပြပွဲများတွင် အောင်မြင်နေသော ပန်းချီဆရာ ဦးဒီပနှင့် ဆရာမဒေါ်ခင်ဝင်းကြည်တို့၏ ပန်းချီကားများကို ဂုဏ်ပြုသောအားဖြင့် တစ်ဦးလျှင် ပန်းချီကား ၆ ကားစီရွေးချယ်ကာ ပြက္ခဒိန်ထုတ်ဝေပေးခဲ့သည်။ ပန်းချီဆရာမ ဒေါ်ခင်ဝင်းကြည်သည် Abstract Art ရေးနည်းစနစ်ကို နှစ်သက်မြတ်နိုးစွာလေ့လာ၍ ပန်းအမျိုးမျိုး၊ အမျိုးသမီးများ၏ အသွင်သဏ္ဌာန် ဘဝပုံရိပ်များနှင့် လေ့ကားထစ်စိုက်ခင်းများပုံ ပန်းချီကားများ ရွေးချယ်ထုတ်ဝေပေးခြင်း ဖြစ်သည်။

ထို့ပြင် ငွေဆောင်ကမ်းခြေဟိုတယ်တွင် ချိတ်ဆွဲရန် "ထူးကုမ္ပဏီ"၏ မှာကြားတောင်းဆိုချက်အရ ပန်းချီသုံးကားတွဲ Three in one ပန်းချီကားကြီးများ ရေးဆွဲပေးခဲ့ရသည်။ မန္တလေးမြို့ရှိ ဆရာမကြီး ဒေါ်ချိုချိုအောင်၏ "ပံသုစန္ဒာ" ပန်းချီခန်းမ၌ကျင်းပပြုလုပ်ခဲ့သော အမျိုးသမီးပန်းချီဆရာမများ၏သီးသန့်ပြပွဲ "Beyond The Golden Age Ladies Art Exhibition" ပြပွဲကြီးမှာ ဆရာမ ဒေါ်ခင်ဝင်းကြည်နှင့် သိကျွမ်းခင်မင်ခဲ့ရသည်။ ပန်းချီဆရာမကြီး ဒေါ်ခင်ဝင်းကြည်၏ သိမ်မွေ့ဖြူစင်ယဉ်ကျေးဟန် အမူအရာလေးက မိတ်ကောင်း၊ ဆွေကောင်းပမာ ချစ်စဖွယ်ဖြစ်သည်။ မြန်မာရန့်ယဉ်ကျေးမှု ဆယ့်နှစ်လရာသီ ဆယ်နှစ်ကားတွဲကြီးပန်းချီကားကို လက်ရာမြောက်စွာ ရေးဆွဲခဲ့သည်။

ဆရာမ၏လက်ရာ "မြက်ခင်းစိမ်းပေါ်က မြင်းကျားသားအမိ" ပန်းချီကားတွင် မြင်းကျားသားအမိ၏အဖြူအမည်းလိုင်းအစင်းကြားများအား အခရိုင်းလစ်ဆေးကို ညှစ်ဘူးထဲထည့်ကာ ရဲရင့်တိကျလှပသော Line ပန်းချီအဖြစ် ပြပွဲက ပရိသတ်ကို ညို့ငင်ဖမ်းစားနိုင်ခဲ့သော ပန်းချီကားဖြစ်ခဲ့သည်။ ရန်ကုန်ပန်းချီဆရာမများ၊ မန္တလေး ပံသုစန္ဒာပန်းချီခန်းမတွင် ပြပွဲလာရောက်ပြသချိန်မှာ ဒီဇင်ဘာ ပန်းပွဲတော်ကြီး ကျင်းပနေချိန်ဖြစ်၍ ပြင်ဦးလွင်သို့ မရောက်ဖူးကြသော ပန်းချီဆရာ ဦးဒီပ၊ ဒေါ်ခင်ဝင်းကြည် ဇနီးမောင်နှံနှင့် ပန်းချီဆရာမကြီး ဒေါ်မြင့်ခိုင် ဇနီးမောင်နှံနှင့်အတူ ကျွန်မတို့ ကန်တော်ကြီး ပန်းပွဲတော်အလှရှုခင်းများ၊ အောက်ဒိုးပန်းချီကားတွေ ရေးဆွဲခဲ့ကြသည်။ တမျှော်တခေါ် ပန်းအမျိုးပေါင်းစုံ ရောင်စုံဖူးပွင့်ဝေဆာလှပနေကြသော ပန်းဝင်္ကပါထဲမှာ ဓာတ်ပုံတွေရိုက်ကြ၊ ကိုယ်ရေးဆွဲချင်သည့် ပန်းအလှလေးများကို မှတ်တမ်းတင်ကြ၊ သစ်ခွဥယျာဉ်ထဲမှာ ချစ်စရာသစ်ခွပန်းတွေနဲ့ လိပ်ပြာလေးတွေ ပျံဝဲမြူးပျော်နေသလို ကျွန်မတို့၏ စိတ်အစဉ်မှာ အရွယ်ရင့်၊ အရွယ်အို ပန်းချီဆရာမများဘဝကိုမေ့ကာ စိတ်ရောကိုယ်ပါ ချစ်မိတ်ဆွေများနှင့် ကြည့်နူးပျော်မွေ့ကြကာ ချယ်ရီတွေနဲ့ ပန်းဝင်္ကပါထဲမှာ မမေ့နိုင်စရာ တစ်နေ့တာအဖြစ် ယနေ့တိုင် လွမ်းမောတသ အမှတ်တရရှိနေဆဲပင်။

ပန်းချီဆရာမ ဒေါ်ခင်ဝင်းကြည်နှင့် ကျွန်မတို့ ထွန်းဖောင်ဒေးရှင်းဘဏ်မှ ကြီးမှူးကျင်းပခဲ့သော Best Painting of the year 2007,2008 တို့တွင်လည်း ၃' × ၄' ပန်းချီကားကြီးတွေ ပျော်ပျော်ပါးပါးရေးဆွဲကာ ပါဝင်ယှဉ်ပြိုင်ပြသခဲ့ကြသည်။ တစ်နိုင်ငံလုံး အတိုင်းအတာနှင့် ရွယ်တူဆိုဒ်တူ ပန်းချီတစ်ကားစီသာ ပါဝင်ပြသခွင့်ရသဖြင့် အတွေးအခေါ်နှင့် ရေးချက်အကောင်းဆုံးကြိုးစားရေးဆွဲကြရတာ စိတ်ဝင်စားစရာ ဖြစ်ခဲ့ကြသည်။ ထို့အတူ ဘုံအဆင့်ဆင့်နှင့် ခမ်းနားလှပ ရှေးဟောင်းအဆောက်အအုံ ချင်းချောင်းနန်းတော်မှာ ကျင်းပတဲ့ အမျိုးသမီးသီးသန့် ပန်းချီပြပွဲမှာ တစ်ဦးပုံတူတစ်ဦးရေးဆွဲပေးကြ၊ နေ့ခင်းမှာ စားသောက်ဆိုင်များသွားစားကြ၊ ပြပွဲက ဧည့်သည်တော်များကို မြန်မာမုန့်များ၊ ကိုရီးယားမုန့်နှင့် ကော်ဖီဘားဖွင့်ကာ ဘူဖေးကျွေးကြရတာ ပျော်စရာကုသိုလ်ပွဲလေးပမာ အင်မတန်ကြည်နူးစရာ ကောင်းလှသည်။ ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်ရှိ "The yangon Gallary" တွင် ဒုတိယအကြိမ် ကျင်းပသည့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးပန်းချီဆရာမများ လက်ရာမွန်ပြပွဲကြီးမှာ တင်သွင်းပြသခဲ့သည်။ ဆရာမ၏လက်ရာ မိုင်းမောလက်ဖက်ခင်း ၅' × ၃' ပန်းချီကားကြီးတွင် စုတ်တံရေးချက်က အနည်းငယ်သာပါရှိပြီး ဆန်းသစ်တီထွင်ရေးဆွဲနည်း Acrylic Tube ဖြင့် အင်မတန်စိတ်ရှည်စွာ ရေးဆွဲထားသည်။ အမျိုးမျိုးသော အစိမ်းရောင်၊ စိမ်းဝါ၊ စိမ်းပြာ အနုအရင့် အလင်းအမှောင် အဆင့်ဆင့်ဖြင့် တန်ဆာဆင်ရေးဆွဲထားရာ ရှမ်းပြည်မှ မိုင်းမောလက်ဖက်ခင်းကြီးသည် တကယ်ပင် သက်ဝင်လှုပ်ရှား ဆွဲငင်အားကောင်းသည့် ပန်းချီကားအဖြစ် ပန်းချီချစ်သူများက ပန်းချီကားကြီးနှင့် ယှဉ်တွဲကာ ဓာတ်ပုံရိုက်ကြတာ နေ့စဉ်မြင်တွေ့ခဲ့ရသည်။

ဆရာမကြီး ဒေါ်ခင်ဝင်းကြည်သည် ပန်းချီအနုပညာကို အသွေးအသားထဲမှ ဗီဇဝါသနာဖြင့် ချစ်မြတ်နိုးစွာ အသက်နှင့်အမျှ ရေးဆွဲနေသူများတွင် တစ်ဦးအပါအဝင်ဖြစ်သည်။ မြန်မာပန်းချီဆရာမတစ်ဦးအနေဖြင့် ပြည်ပပန်းချီပြပွဲများသို့ ကိုယ်တိုင်သွားရောက်ပြသကာ မြန်မာ့ပန်းချီသမိုင်းကို ဂုဏ်တင့်စေသူဖြစ်သည်။ ကျွန်မ အပါအဝင် ပန်းချီဆရာမအများစုမှာ သမားရိုးကျရှုခင်းများ သက်ငြိမ်နှင့် ပန်းမျိုးစုံ ပုံတူများကိုသာ အရေးများကြသည်။

ပန်းချီဆရာမကြီး ဒေါ်ခင်ဝင်းကြည်၏ လက်ရာများတွင် အမျိုးသမီးများ၏ ဘဝပုံရိပ်များကို စိတ်ကူးစိတ်သန်းအတွေးများရော ပန်းချီလက်ရာပါ Abstract Art ရေးနည်းဖြင့် ထူးထူးခြားခြား ဆန်းသစ်စွာ လက်ရာသွေးတတ်သူဖြစ်သည်။ ဆရာမရေးဆွဲသော 'Golden Rain & Silver Rain' အမည်ရှိ ကျေးလက်အမျိုးသမီးဂီတအဖွဲ့တွင် မြူးတူးပျော်ရွှင်စွာ သွက်လက်ပေါ့ပါး ကခုန်တီးမှုတ်နေကြပုံတွင် ဗုံသံ၊ ဝါးလက်ခုပ်သံ၊ လင်းကွင်းနှင့် ပလွေသံများသည် မိုးဝယံမှ ရွှေမိုး၊ ငွေမိုးနှင့်အပြိုင် မိုးစက်မိုးပေါက်တွေ သွန်းကြဲရွာချနေသလို မြန်မာ့ရိုးရာကျေးလက်တေးဂီတသံ မြိုင်မြိုင်ဆိုင်ဆိုင် စည်းဝါးနရီသံစဉ်တွေ ကြားယောင်နေသလို ခံစားရကာ စိတ်ကိုကြည်နူးရွှင်ပျစေသည့် ပန်းချီကားဖြစ်သည်။



ရှမ်းပြည်နယ်မှ မိုင်းမောလက်ဖက်ခင်းကြီး၏ ရှုမော်မဆုံး တင့်တယ်စိမ်းလန်းကျယ်ပြန့်စိမ်းစိုလှပနေပုံကို စုတ်ချက်အကူဖြင့် ရေးဆွဲပါက လျင်မြန်စွာ လွယ်လွယ်ကူကူ ရေးခြယ်ပြီးမြောက်နိုင်သော်ငြား လက်ဖက်ပင်လေးတွေကို တစ်ပင်ချင်း တစ်ပင်ချင်း အင်မတန်စိတ်ရှည်လှစွာ၊ အင်မတန် ပန်းချီသမာဓိအားကောင်းလှစွာ ရေးဆွဲဖန်တီးဆန်းသစ်ထားသောကြောင့် လူကြိုက်အများဆုံး ပန်းချီကားဖြစ်နေခဲ့သည်။ ထိုပန်းချီကားရေးဆွဲနည်းဖြင့် Acrylic ကို Tube ထဲထည့်ကာ လက်ညှစ်အား အချိန်အဆနည်းစနစ် ပိုင်နိုင်ကျွမ်းကျင်စွာ ရေးဆွဲထားသော Terrace Series ပန်းချီကားများကို Singapore Art Fair တွင် ပြသခဲ့ရာ ထူးခြားစွာအောင်မြင်ခဲ့သဖြင့် Asian Art News အမည်ရှိ မဂ္ဂဇင်းကြီးတွင် မြန်မာပန်းချီ ဆရာမဒေါ်ခင်ဝင်းကြည်၏ Art work အကြောင်းအရာများကို အင်တာဗျူးသတင်းအဖြစ် ဂုဏ်ပြုရေးသားဖော်ပြခြင်းခံရသည့်အတွက် မြန်မာအမျိုးသမီးပန်းချီဆရာမများ လောကအတွက် ဂုဏ်ယူဖွယ်မင်္ဂလာသတင်း ဖြစ်ခဲ့သည်။

ကြည့်ရှုသူရဲ့စိတ်ကို ကြည်နူးပျော်ရွှင်မှုတွေ ပေးဝေနေတဲ့ ပန်းချီကားတွေ လက်ရာသွေးတတ်တဲ့ ပန်းချီဆရာမကြီး ဒေါ်ခင်ဝင်းကြည်သည် ထူးချွန်သော မြန်မာအမျိုးသမီးပန်းချီဆရာမ တစ်ဦးအဖြစ် ကမ္ဘာ့အလယ်မှာ ဂုဏ်ယူဝင့်ကြွားစွာ အာဆီယံနိုင်ငံများ၏ အနုပညာမဂ္ဂဇင်းကြီးတွင် ရွေးချယ်ဂုဏ်ပြုဖော်ပြခံရခြင်းဖြင့် မြန်မာ့ဂုဏ်ဆောင်နိုင်သူတစ်ဦးအဖြစ် ဂုဏ်ပြုရေးသားလိုက်ရပါသည်။

**ခင်ဆွေလှိုင်(ပန်းချီ)**



# အိတ်ဖွင့်လေလံကြော်ငြာ

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင် ဈေးများရှိ အောက်ဖော်ပြပါနေရာလွတ်များအား ငှားရမ်းခြင်း၊ လူနေဆိုင်ခန်းနှင့် အတည်ဆိုင်ခန်းများအား ရောင်းချခြင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(က) ဈေးချိုတောင်ဘက်တိုက်တန်း ဒုတိယထပ်၊ တတိယထပ်နှင့် ခေါင်မိုးထပ် ဧရိယာ ၅၉၃၉၀ ဒသမ ၆၇ စတုရန်းပေ(ဈေးချိုဟိုတယ်နေရာ)

(ခ) ဈေးချိုမြောက်ဘက်တိုက်တန်း ခေါင်မိုးထပ်(မြောက်ဘက်ခြမ်း)ဧရိယာ ၁၄၉၆၁ ဒသမ ၇၈ စတုရန်းပေ

(ဂ) မန်းမြန်မာပလာဇာ ဒုတိယထပ် ဧရိယာ ၁၄၃၉၂ ဒသမ ၇၅ စတုရန်းပေ

(ဃ) ရတနာပုံဈေး ပဉ္စမထပ် ဧရိယာ ၄၇၈၀၃ ဒသမ ၈ စတုရန်းပေ

(င) နန်းရှေ့ဈေး ဒုတိယထပ် အနောက်ဘက်ခြမ်း ဧရိယာ ၈၈၉၂ စတုရန်းပေ

(စ) မန်းမြို့ဈေး ပထမထပ်ခန်းမနေရာ ဧရိယာ ၆၃၀၀ စတုရန်းပေ

(ဆ) စက်မှု-၂ ဈေး ပတ္တမြားဆောင် အကျယ်အဝန်း (၁၅ပေ×ပေ၄၀)ရှိ RC (၂)ထပ် လူနေဆိုင်ခန်းအမှတ်(၄၊ ၁၄)

(ဇ) စက်မှု-၂ ဈေး (၈×၁၀)ပေ အကျယ် အတည်ဆိုင်ခန်းများ

(A) ရုံ၊ ဆိုင်အမှတ်(၂၊ ၃၊ ၄၊ ၇၊ ၈၊ ၉၊ ၁၀၊ ၁၃၊ ၁၄၊ ၁၅)

(C) ရုံ၊ ဆိုင်အမှတ်(၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇၊ ၈၊ ၉၊ ၁၀၊ ၁၁၊ ၁၂၊ ၁၃၊ ၁၄၊ ၁၅၊ ၁၆၊ ၁၇၊ ၁၈၊ ၁၉၊ ၂၀၊ ၂၁၊ ၂၂၊ ၂၃၊ ၂၄၊ ၂၅၊ ၂၆၊ ၂၇၊ ၂၈၊ ၂၉၊ ၃၀၊ ၃၁၊ ၃၂)

(D) ရုံ၊ ဆိုင်အမှတ်(၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇၊ ၈၊ ၉၊ ၁၀၊ ၁၁၊ ၁၄၊ ၁၅၊ ၁၆၊ ၁၇၊ ၁၈၊ ၁၉၊ ၂၀၊ ၂၁၊ ၂၂၊ ၂၃၊ ၂၄)

(ဈ) မြရည်နန္ဒာဈေး(၈×၁၀)ပေ အကျယ် အတည်ဆိုင်ခန်းများ

(E) ရုံ၊ ဆိုင်အမှတ်(၄၂၊ ၅၄၊ ၈၆၊ ၉၂၊ ၉၄)

၂။ အမှတ်စဉ်(က)မှ (စ)အထိ နေရာလွတ်များအား တစ်နှစ်လျှင်တစ်ကြိမ် စာချုပ်ချုပ်ဆိုငှားရမ်းမည်ဖြစ်ပါသည်။ အမှတ်စဉ်(ဆ)ပါ လူနေဆိုင်ခန်း(၂)ခန်းနှင့် အမှတ်စဉ်(ဇ)နှင့် (ဈ)ပါ အတည်ဆိုင်ခန်း(၆၉)ခန်း တို့ကို ရောင်းချသွားမည် ဖြစ်ပါသည်။

၃။ အဆိုပါနေရာလွတ်များအား ငှားရမ်းခြင်းနှင့် လူနေဆိုင်ခန်း၊ အတည်ဆိုင်ခန်းများအား ရောင်းချခြင်းတို့အတွက် အိတ်ဖွင့်လေလံစနစ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ နေရာလွတ်များအား ငှားရမ်းလိုပါကလည်းကောင်း၊ လူနေဆိုင်ခန်းနှင့် အတည်ဆိုင်ခန်းများကို ဝယ်ယူလိုပါကလည်းကောင်း လေလံလျှောက်လွှာများအား တစ်စောင်လျှင် ငွေကျပ် ၁၀,၀၀၀/-နှုန်းဖြင့် (၁၀-၆-၂၀၂၄)ရက်မှ (၂၁-၆-၂၀၂၄)ရက်အထိ နံနက်(၁၀:၀၀)နာရီမှ ညနေ(၃:၀၀)နာရီအတွင်း ဈေးနှင့်သားသတ်ဌာနတွင် ရောင်းချမည်ဖြစ်ပါသည်။

၄။ လေလံလျှောက်လွှာများကို (၅-၇-၂၀၂၄)ရက် ညနေ(၃:၀၀)နာရီ နောက်ဆုံးထား၍ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။ သိရှိလိုသည်များရှိပါက ၃၁လမ်း၊ ၇၂လမ်းနှင့် ၇၃လမ်းကြားရှိ ဈေးနှင့်သားသတ်ဌာန၊ ဌာနမှူးရုံးခန်းသို့ လူကိုယ်တိုင်သော်လည်းကောင်း ဖုန်း ၀၉-၄၃၁၀၁၈၇၅၊ ၀၉-၄၄၄၀၃၅၆၂၇နှင့် ၀၉-၆၈၈၈၉၅၂၁၇ သို့ ဖုန်းဖြင့်သော်လည်းကောင်း စုံစမ်းမေးမြန်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဈေးနှင့်သားသတ်ဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

# အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ-၂၅)၊ ဦးပိုင်အမှတ်(၁၃)၊ ဧရိယာ(၀ ဒသမ ၁၈၃၆)ဧကရှိ မြေကွက်မှာ ဦးသိန်းဟန် အမည်ဖြင့် ဂရန်အမှတ်တွဲအမှတ်(၁၄၄၄/၉၄-၉၅)ဖြင့် နှစ်(၃၀)ဂရန် ရရှိထားသော မြေကွက်ဖြစ်ပါသည်။ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ကတိပဋိညာဉ်စာချုပ်ဖြင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးသိန်းဟန်ထံမှ ကျွန်ုပ်မိတ်ဆွေ ဦးညွန့်ဟန်(ခ)ညွန့်ဖိန်နှင့်ဦးညွန့်အောင်က အပြီးအပိုင် လွှဲပြောင်း ဝယ်ယူခဲ့ပါသည်။ (၇-၁၂-၂၀၁၄)ရက်က ရောင်းကြေးငွေများကို အပြေအကြေပေးချေကာ အရောင်းအဝယ်ကတိပဋိညာဉ်စာချုပ် ချုပ်ဆိုခဲ့ပြီး မြေကွက်၊ မြေကွက်နှင့်ပတ်သက်သည့် စာရွက်စာတမ်းမူရင်းများလည်း ဝယ်ယူသူ ဦးညွန့်ဟန်(ခ)ညွန့်ဖိန်နှင့် ဦးညွန့်အောင်တို့မှ လက်ရောက်ရယူခဲ့ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ရောင်းချသူ ဦးသိန်းဟန်က ဝယ်ယူသူများ အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုလိုသည့် အချိန်တွင် အချိန်မရွေး လိုက်လံချုပ်ဆိုပေးပါမည်ဟု ဝန်ခံကတိပြုထားသော်လည်း ယနေ့အချိန်ထိ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ကို ချုပ်ဆိုပေးခြင်း မရှိပါ။ အဆိုပါ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ကို ချုပ်ဆိုပေးနိုင်ရန်အတွက် ဤကြော်ငြာသည့်ရက်မှ (၇)ရက်အတွင်း လာရောက်ဆက်သွယ်ပါရန် အကြောင်းကြားအပ်ပါသည်။ လာရောက်ဆက်သွယ်ခြင်းမရှိပါက အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ကို ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးသိန်းဟန်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းနိုင်ဦး B.Sc(Math) H.G.P**
**အထက်တန်းရှေ့နေ**
**(စဉ်-၁၈၅၁၄)(၁၄-၂-၁၉၉၀)**
**ပုသိမ်ကြီးမြို့။ ဖုန်း ၀၉-၂၀၃၇၃၆၁**

**ကြော်ငြာစာ**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊မြို့သစ်(၂)ရပ်ကွက်၊ အကွက်အမှတ်(ဆ-၆)၊ ဦးပိုင်အမှတ်(၇၇)၊ ၆၉လမ်းနှင့် လမ်း၇၀ကြား၊ ၁၀၈လမ်းနှင့်၁၀၉လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သော ခင်ပွန်းဖြစ်သူ ဦးငွေစန်း ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်(၆၆၈/၂၀၂၄)ဖြင့် အမွေဆက်ခံခဲ့သည့် ဇနီးဖြစ်သူ ဒေါ်မြမြ(၉/မရတ(နိုင်)၀၀၆၄၈၇)က အမှုတွဲအမှတ်(၁၃၃၆/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

# အသိပေး နှိုးဆော်ခြင်း

ဘဝနတ်လမ်းကြွလှမ်းတော်မူသော ဇန်းမော်ကျောင်းတိုက် နဝမဇန်းမော်ဆရာတော်ဘုရားကြီး၏ လွန်တော်မူသည့် (၁)နှစ်ပြည့်အချိန်တွင် တပည့်သံဃာများနှင့် ဒါယကာ၊ ဒါယိကာမများပါဝင်လျက် ကုသိုလ်ပြု အမှုဝေပွဲကို ၁၃၈၆ ခု၊ နယုန်လဆန်း(၇)ရက်၊ (၁၃-၆-၂၀၂၄)ကြာသပတေးနေ့ နံနက် ၉ နာရီခွဲတွင် မဟာအောင်မြေမြို့နယ်၊ ဇန်းမော်ကျောင်းတိုက်၊ အေးကမ္ဘာ ဗိမာန်တော်ကြီး၌ ကျင်းပပြုလုပ်မည်ဖြစ်ပါကြောင်းကို အသိပေးကြေညာအပ်ပါသည်။

**တပည့်သံဃာ ဒါယကာ၊ ဒါယိကာမများ**

# အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(စစ-၆)၊ ဦးပိုင်နံပါတ်(၁၅၈-က)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၁၃၇)ဧက အကျယ်အဝန်းရှိ ဒေါ်စိန်စိန် အမည်ဖြင့် မြေနေရာချထားပေးခြင်း ခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို မြေနေရာချထားပေးခြင်းခံခဲ့ရသူ (ဇနီး)ဒေါ်စိန်စိန် ကွယ်လွန်သွားခဲ့သဖြင့် လက်ရှိအမွေဆက်ခံပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ (ခင်ပွန်း)ဦးဇော်ဝင်း(ဘ)ဦးဘကွန်း(၉/မနမ(နိုင်)၀၇၅၁၂၀)(၎င်း၏ကိုယ်စား သမီးဖြစ်သူ ဒေါ်သင်းသင်းအေး(ဘ)ဦးဇော်ဝင်း(၉/ခမစ(နိုင်)၀၃၁၅၀၇)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

| | |
|---|---|
| **ဦးတင်အောင်မိုး (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ | **ဒေါ်အိအိမွန် (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ |

| | | | |
|---|---|---|---|
| **ဒေါ်ယုသစင်အောင် (LL.M)** တရားလွှတ်တော်ရှေ့နေ | **ဒေါ်အေးနန္ဒာထွန်း (LL.B)** တရားလွှတ်တော်ရှေ့နေ | **ဒေါ်မာလာစိုး (LL.B)** အထက်တန်းရှေ့နေ | **ဒေါ်ဖူးသန့်မွန် (LL.B)** အထက်တန်းရှေ့နေ |

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

# အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(ငင-၅)၊ ဦးပိုင်နံပါတ်(၁၂)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၂၇၅)ဧက၊ ပေ(၃၀×၄၀) အကျယ်အဝန်းရှိ ဒေါ်ခင်မာကြူ အမည်ပေါက် ဂရန်မြေကွက်၏ တောင်ဘက်ခြမ်း (၁၅ပေ×ပေ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးခင်မောင်အေး(ဘ)ဦးဘရီ(၉/မရမ(နိုင်)၀၃၁၇၈၈)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

| | |
|---|---|
| **ဦးတင်အောင်မိုး (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ | **ဒေါ်အိအိမွန် (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ |

| | | | |
|---|---|---|---|
| **ဒေါ်ယုသစင်အောင် (LL.M)** တရားလွှတ်တော်ရှေ့နေ | **ဒေါ်အေးနန္ဒာထွန်း (LL.B)** တရားလွှတ်တော်ရှေ့နေ | **ဒေါ်မာလာစိုး (LL.B)** အထက်တန်းရှေ့နေ | **ဒေါ်ဖူးသန့်မွန် (LL.B)** အထက်တန်းရှေ့နေ |

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

# အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ အကွက်အမှတ်(ဥယျာဉ်တန်း)၊ ဦးပိုင်အမှတ်(ဃ-၂၃)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်မှာ "ဦးစန်းမြင့်မောင်နှင့် ဒေါ်ခင်အုန်းမြင့်" အမည်ဖြင့် ချထားပေးသော မြေကွက် ဖြစ်ပါသည်။ ၎င်းမြေကွက်ထဲမှ မြောက်ဘက်ခြမ်း (၁၅ပေ×ပေ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့်မြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အသုံးချအကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို မြေကွက်ချထားပေးခြင်း ခံရသူများဖြစ်ကြသည့် ဦးစန်းမြင့်မောင်(ဘ)ဦးခင်(၉/မရမ(နိုင်)၀၄၈၅၈၆)နှင့် ဒေါ်ခင်အုန်းမြင့်(ဘ)ဦးသန်း(၉/မရမ(နိုင်)၀၄၈၂၈၉)" ကိုင်ဆောင်သူတို့က အရှုပ်အရှင်းကင်းစွာဖြင့် လက်ထိလက်ရောက် နေထိုင်ပိုင်ဆိုင်ထားပြီး ပြန်လည်ရောင်းချလိုကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူရန် သဘောတူညီပြီး ရောင်းကြေးငွေ အပြေအကြေ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါအပြေအကြေပေးချေထားသည့် မြေကွက်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့် စာရွက်စာတမ်း၊ အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ယခုအရောင်းအဝယ်ပြုလုပ်သည့်မြေကွက်ကို ဝယ်ယူသူမိသားစုတို့မှ လိုအပ်သလို ဆောက်လုပ်နေထိုင်မည်ဖြစ်ကြောင်းနှင့် ရုံးဌာနအသီးသီးတို့တွင်လည်း လိုအပ်သလို လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ယဉ်ယဉ်မေ (LL.B) ဒေါ်ယဉ်ယဉ်ငွေ (LL.B)**
**(တရားလွှတ်တော်ရှေ့နေ)**
**၅၇လမ်း၊ (၁၁၃)ပီတောက်လမ်းထောင့်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၀၀၄၆၉၁၈၈၊ ၀၉-၄၀၀၈၁၁၁၉၂၊ ၀၉-၇၉၄၉၉၄၁၂၃**

**အများသိစေရန် ကြေညာခြင်း**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဓဓ-၂၈)၊ ဦးပိုင်အမှတ်(၁၇)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်သည် တသ သန်းထွန်းအေး(ဘ)ဦးဘအေး(KTGA-၀၀၁၂၂၆)အမည်ပေါက် ဂရန်မြေကွက်ဖြစ်ပါသည်။ အဆိုပါ ဂရန်မြေကွက်အတွင်းမှ အရှေ့ဘက်ခြမ်း ပေ(၂၀×၆၀) အကျယ်အဝန်းရှိ ဂရန်မြေကွက်တစ်ခြမ်းနှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးဇော်ဇော်(ဘ)ဦးအက်စ်ကူမာ(၁၂/မဂဒ(နိုင်)၀၉၆၅၄၂)ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ ဂရန်မြေကွက်တစ်ခြမ်း အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**
**ဦးသန်းရွှေ B.A (Hist), H.G.P**
**အထက်တန်းရှေ့နေ**
**၅၃လမ်း၊ ၁၁၀(A)လမ်းနှင့်၁၁၀(B)လမ်းကြား၊ ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၅၁၄၀၄၇၈**

# ပြည်ထောင်စုဝန်ကြီးဦးမြင့်ကြိုင် မဟာအောင်မြေမြို့နယ်ရှိ ဒေသခံပြည်သူများအား ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် နိုင်ငံသားကတ်ပြားထုတ်ပေးနေမှုနှင့် Biometric ကောက်ယူမှု ကြည့်ရှုအားပေး၊ ဝန်ထမ်းများအား တွေ့ဆုံ





**နေပြည်တော်ဇွန် ၅**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးမြင့်ကြိုင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်ရှိ မြို့နယ်ဦးစီးမှူးရုံးသို့ သွားရောက်၍ ဝန်ထမ်းများက နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိပြီးသူများအား e-ID စနစ်ဖြင့် ကိုယ်ရေးအချက်အလက်(Biographic)နှင့် ဇီဝဆိုင်ရာအချက်အလက် (Biometric)ကောက်ယူကာ ဂဏန်း(၁၀)လုံးပါ(Unique ID)နံပါတ်ထုတ်ပေးနေမှုကို ကြည့်ရှုကာ လိုအပ်သည်များ မှာကြားညွှန်ကြားဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် Unique ID နံပါတ်လာရောက်ဆောင်ရွက်ကြသူ ပြည်သူများအား လုပ်ငန်းဆိုင်ရာ အခက်အခဲများကိုမေးမြန်းဆွေးနွေး၍ UID နံပါတ်ရရှိပြီးပါက ပြည်သူများရရှိခံစားနိုင်မည့် အကျိုးကျေးဇူးများနှင့် စနစ်တကျ ကိုင်တွယ်ထိန်းသိမ်းနိုင်ရေးတို့ကို ရှင်းလင်းပြောကြားပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည်မြို့နယ်ရုံးအတွင်း၌ ဝန်ထမ်းများက နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသေးသူများ၊ လဲလှယ်လျှောက်ထားသူ ပြည်သူများအား ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် နိုင်ငံသားကတ်ပြားစိစစ်ဆောင်ရွက်ပေးပြီး e-ID စနစ်အတွက် Biographic/ Biometric ကောက်ယူကာ UID နံပါတ်တစ်ပါတည်းဆောင်ရွက်ထုတ်ပေးနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးရာတွင် နိုင်ငံသားကတ်ပြားမရှိသေးသူနှင့် လဲလှယ်လျှောက်ထားသူ စုစုပေါင်း(၃၅)ဦးကို နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးကာ Biographic/ Biometric ကောက်ယူ၍ UIDနံပါတ်တစ်ပါတည်းထုတ်ပေးနိုင်ခဲ့ပြီး နိုင်ငံသားကတ်ပြားရှိပြီးသူပြည်သူ(၂၈၀)ကို Biographic/ Biometric ကောက်ယူ၍ UID နံပါတ်ထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မြို့နယ်ရုံးအတွင်း စာရွက်စာတမ်းများ ထိန်းသိမ်းထားရှိမှုနှင့် မှတ်တမ်းခန်းအတွင်း ကိုယ်ရေးဖိုင်များ စနစ်တကျ ထိန်းသိမ်းထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားကာ တင်ပြချက်များအပေါ် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီးရုံးချုပ်ခန်းမ၌ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တိုင်း၊ ခရိုင်နှင့် မြို့နယ်ဦးစီးမှူးရုံးများမှ ဝန်ထမ်းများအားတွေ့ဆုံ၍ နောင်ကျင်းပမည့် ရွေးကောက်ပွဲအတွက် တိကျမှန်ကန်သည့် မဲစာရင်းပြုစုနိုင်ရေးလုပ်ငန်းကိုလည်း သက်ဆိုင်ရာဌာန အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းကာ အထက်ဌာနအဆင့်ဆင့်သို့ တင်ပြအတည်ပြုချက် ရယူဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းလုပ်ငန်းစဉ်အားလုံးသည် တစ်ခုနှင့်တစ်ခု ဆက်စပ်ချိတ်ဆက် ဆောင်ရွက်ရပြီး နိုင်ငံတော်အတွက် မဖြစ်မနေဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များဖြစ်ပြီး ယင်းလုပ်ငန်းစဉ်များ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင်မြင်ရေးအတွက် ဝန်ထမ်းအချင်းချင်း စည်းလုံးညီညွတ်စွာဖြင့် တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန် ပြောကြားသည်။

ယင်းနောက် ဝန်ထမ်းများက လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ လုပ်ငန်းဆိုင်ရာအခက်အခဲများ၊ ဖြည့်ဆည်းပေးရန်လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ပြင်ဦးလွင်မြို့ရှိ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဇွန် ၅**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စွာသွင်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ရှိ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများသို့ သွားရောက် ကြည့်ရှုစစ်ဆေး၍ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာပညာသင်ကြားနေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ပြင်ဦးလွင်မြို့နယ် အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၊ အခြေခံပညာအထက်တန်းကျောင်းခွဲ (အလက-၁)နှင့် စာပန်းအိမ် ကိုယ်ပိုင်ကျောင်းများသို့ သွားရောက်၍ ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာ တက်ရောက် ပညာသင်ကြားနေမှုကို လှည့်လည်ကြည့်ရှု၍ အားပေးစကားပြောကြားသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးသည် စာသင်ခန်း၊ စာသင်ဆောင်များ၊ သင်ကြားသင်ယူနေမှုများ၊ ကျောင်းစာကြည့်တိုက်များနှင့် ကျောင်းဝင်းအတွင်း ဥပဓိရုပ်ကောင်းမွန်ရေး၊ သန့်ရှင်းသာယာရေး ဆောင်ရွက်ထားမှုများ၊ ကျောင်းဆောင်သစ်ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ပြင်ဦးလွင်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းရှိ ကျောင်းခန်းမတွင် ခရိုင်၊ မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများနှင့် ဆရာ၊ ဆရာမများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် ပညာရေးသည်အဓိကကျကြောင်း၊ ကျောင်းသား၊ ကျောင်းသူများ အမှန်တကယ် ပညာတတ်မြောက်ရေးသည် အလွန်ပင် အရေးကြီးကြောင်း၊ နိုင်ငံအတွက် အသိပညာရှင်၊

**စာမျက်နှာ ၃ သို့**

# နေ့စဉ်ရွှေဆိုင်များ ဖွင့်လှစ်ခြင်း၊ သတ်မှတ်ဈေးနှုန်းဖြင့် ရောင်းချခြင်းများ ဆောင်ရွက်ရန် YGEA အသိပေး



**ရန်ကုန် ဇွန် ၅**

ရွှေဈေးနှုန်းတည်ငြိမ်ရေး အတွက် ရွှေနှင့် ငွေကြေးဈေးကွက် စောင့်ကြည့်၊ ထိန်းသိမ်း၊ ကြပ်မတ်ရေးလုပ်ငန်းကော်မတီ နှင့် သက်ဆိုင်ရာဌာနဆိုင်ရာ များက ကြပ်မတ်ထိန်းသိမ်း ဆောင်ရွက်လျက်ရှိရာ ရွှေဆိုင်များအနေဖြင့် နေ့စဉ် ရွှေဆိုင်များကို ဖွင့်လှစ်ခြင်း၊ သတ်မှတ်ဈေးနှုန်းဖြင့် ရောင်းချခြင်းများ ဆောင်ရွက်ပေးရန် အသိပေးကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း (YGEA) က ဇွန် ၅ ရက်တွင် ထုတ်ပြန်ထားသည်။

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းက နေ့စဉ်ရောင်းချရမည့် ရွှေဈေးနှုန်းကို တစ်နေ့သုံးကြိမ် သတင်းထုတ်ပြန်ပေးလျက်ရှိပြီး ရွှေရောင်းချသည့်အခါတွင် သတ်မှတ်ဈေးနှုန်းအတိုင်း ရောင်းချရန် အသိပေးသည်ဟု YGEA က ထုတ်ပြန်ထားသည်။ ထို့ပြင် ထုတ်ပြန်ချက်အတွင်း ရွှေဆိုင်များကိုလည်း နေ့စဉ်ဖွင့်လှစ်၍ အရောင်းအဝယ်ပြုလုပ်ကြပါရန် အသိပေးကြောင်း ဖော်ပြထားသည်။

သက်ဆိုင်ရာက လာရောက်စစ်ဆေးသည့်အခါ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ခြင်းမရှိပါက ထိရောက်စွာအရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း ကြိုတင်အသိပေးအပ်သည်ဟုလည်း ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း၏ ထုတ်ပြန်ချက်၌ပါရှိသည်။

ရွှေဈေးအခြေအနေနှင့် ပတ်သက်၍ တာဝန်ရှိသူများက ရွှေဆိုင်လုပ်ငန်းရှင်အချို့ကို ခေါ်ယူစစ်ဆေးခဲ့ပြီး တရားမဝင်ရွှေအရောင်းအဝယ်ပြုလုပ်သူ ၂၁ ဦးကို ဇွန် ၂ ရက်တွင် ဖမ်းဆီးခဲ့သည့်အပြင် ရွှေဈေးမြင့်တက်ရန်အတွက် နောက်ကွယ်မှ ဆောင်ရွက်နေသည့် ဝိန့်စိန်ရွှေဆိုင်၊ ဖွဲထက်ရွှေဆိုင်၊ အောင်သမာဓိရွှေဆိုင်တို့မှ တာဝန်ရှိသူများအပါအဝင် ထွက်ပြေးတိမ်းရှောင်သူ ၁၀ ဦးကိုလည်း အရေးယူနိုင်ရေး ဆောင်ရွက်နေကြောင်း သိရသည်။

**MT**